မှတ်ပုံတင်အမှတ် — ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၅ ] ရန်ကုန်မြို့ { ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၅

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၂**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးစိုးတင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (၂) | ဦးဝင်းဖေ<br>ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက် )

**အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ယုက အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်း**

**( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်**ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(ဂ) **သဘာပတိ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ**ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ**ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၃၊ ၂၅၊ ၂၆ နှင့် ၃၁ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။

(ဇ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

(ဈ) **ရွေးကောက်ပွဲဥပဒေ**ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဆိုသည်။

(ည) **လွှတ်တော်ရုံး**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော လွှတ်တော်ရုံးကို ဆိုသည်။

(ဋ) **လွှတ်တော်ရေးရာဦးစီးဌာနရုံး**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်း၊ အုပ်ချုပ်မှုကိစ္စအဝဝနှင့် လုပ်ငန်းတာဝန်တို့ကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသော ဦးစီးဌာနရုံးကို ဆိုသည်။

(ဌ) **လွှတ်တော်ကိုယ်စားလှယ်ရုံး**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသောရုံးကို ဆိုသည်။

## အခန်း (၂)

## လွှတ်တော်

### ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ ရွေးကောက်တင်မြှောက်သည့် ၁၆၈ ဦးထက် မပိုသော လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၅၆ ဦးထက် မပိုသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ။

### သက်တမ်း

၄။ လွှတ်တော်၏သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

## အခန်း (၃)
## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၄)
## လွှတ်တော်ကိုယ်စားလှယ်များ

### ကတိသစ္စာပြုခြင်းနှင့်လက်မှတ်ရေးထိုးခြင်း

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

### တာဝန်များ

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

### လုပ်ပိုင်ခွင့်များ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်ကတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်ကရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဝင်များအား လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာလွှတ်တော်များသို့ အသိပေးခြင်း၊

(ည) လွှတ်တော်အစည်းအဝေးကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူအဖြစ် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ ပြည်သူသုံးဦးကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

## ကျင့်ဝတ်နှင့်စည်းကမ်းများ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံနေထိုင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။

## ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက် မရရှိပါက -

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း။

(ဃ) လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ **အာဏာပိုင်**အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ**အာဏာပိုင်**အဖွဲ့အစည်းများထံ တောင်းခံရယူခွင့်ရှိခြင်း။

**အထူးခံစားခွင့်များ**

၁၃။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါ အထူးခံစားခွင့်များကို သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) ပြည်တွင်းအခမဲ့ဆေးကုသခွင့်၊

(ခ) တစ်လလျှင် ၃၀၀၀ ကျပ်ထက်မပိုသော ရေအခမဲ့သုံးစွဲခွင့်၊

(ဂ) တစ်လလျှင် ၁၀၀၀၀ ကျပ်ထက်မပိုသော လျှပ်စစ်ဓာတ်အား အခမဲ့သုံးစွဲခွင့်၊

(ဃ) တစ်လလျှင် ၁၀၀၀၀ ကျပ်ထက်မပိုသော ပြည်တွင်းခေါ်ဆိုမှုအတွက် တယ်လီဖုန်းအခမဲ့သုံးစွဲခွင့်၊

(င) နိုင်ငံပိုင်လေကြောင်းခရီးတွင် တစ်နှစ်လျှင် အသွား/အပြန်ခရီးစဉ် တစ်ကြိမ်သာ မိမိ အပါအဝင် (၃) ဦး အခမဲ့စီးနင်းခွင့်၊

(စ) နိုင်ငံပိုင် မီးရထား၊ သင်္ဘောခရီးတွင် အထက်တန်းအဆင့်အဖြစ်လည်းကောင်း၊ နိုင်ငံပိုင် မော်တော်ယာဉ်ခရီးတွင်လည်းကောင်း တစ်နှစ်လျှင် အသွား/အပြန်ခရီးစဉ် တစ်ကြိမ်သာ မိမိ အပါအဝင် (၅) ဦး အခမဲ့စီးနင်းခွင့်။

**ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း**

၁၄။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

## အခန်း (၅)

## လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့်ခွင့်မဲ့ပျက်ကွက်ခြင်း

၁၅။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကို ဖော်ပြ၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက် တင်ပြတောင်းခံရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၃၀ နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု ကြေညာခြင်းခံရမည်။

## အခန်း (၆)
## လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ

**ရွေးကောက်တင်မြှောက်ခြင်း**

၁၆။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ် များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၇။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်း အဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

**တာဝန်ထမ်းဆောင်ခြင်း**

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်း အဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။

၁၉။ ဥက္ကဋ္ဌသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှအပ အခြားအုပ်ချုပ်ရေး သို့မဟုတ် တရား စီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ဒုတိယဥက္ကဋ္ဌသည် အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**တာဝန်မှရပ်စဲခြင်း**

၂၁။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ရုပ်သိမ်းခြင်းကိုခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

၂၂။ ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တာဝန်မှ ရုပ်သိမ်းနိုင်သည် -

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

( ဂ ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

၂၃။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၂ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ ရုပ်သိမ်းခြင်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည်။

## အခန်း (၇)
## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

၂၄။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း (၈)
## လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၂၅။ လွှတ်တော်သည် အောက်ပါလွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည် -

(က) ဥပဒေကြမ်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီ၊

(ဂ) လွှတ်တော်အခွင့်အရေးကော်မတီ၊

(ဃ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။

၂၆။ ဥက္ကဋ္ဌသည် လွှတ်တော်ကော်မတီတစ်ခုစီ၌ ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်၍ လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီနှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်းမရှိစေရ။

၂၇။ လွှတ်တော်သည် -

(က) ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။

(ခ) အဆိုပါ ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ တပ်မတော်သားမဟုတ်သော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၂၈။ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်

အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

**ပူးပေါင်းကော်မတီများ**

၂၉။ လွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စပေါ်ပေါက်လျှင် လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ယင်းကော်မတီတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌအချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်အထိဖြစ်သည်။

၃၀။ လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ပုဒ်မ ၂၅ နှင့် ၂၇ တို့ပါ ကော်မတီများက ဆောင်ရွက်ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ဥက္ကဋ္ဌများသည် အချင်းချင်းညှိနှိုင်း၍ လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ လွှတ်တော်သည် ထိုကော်မတီတွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌအချင်းချင်း ညှိနှိုင်း၍ ပူးပေါင်းကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။ ယင်းပူးပေါင်းကော်မတီ၏သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်အထိ ဖြစ်သည်။

**အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း**

၃၁။ လွှတ်တော်သည် လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၃၂။ လွှတ်တော်ကော်မတီများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

**ကော်မရှင်နှင့်အဖွဲ့များ**

၃၃။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသားများကို ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

၃၄။ လွှတ်တော်သည် ပုဒ်မ ၃၃ ပါ ကော်မရှင်နှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။

## အခန်း (၉)
## လွှတ်တော်အစည်းအဝေးများ

**ပုံမှန်အစည်းအဝေးများ**

၃၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

၃၆။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့်အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၃၇။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက်မပိုစေရ။

၃၈။ လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃၉။ လွှတ်တော်အခွင့်အရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရမည်။ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများကို တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။

**အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့်အထမြောက်ခြင်း**

၄၀။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့နှင့်အချိန်တွင် ကျင်းပရမည်။

၄၁။ လွှတ်တော်၏အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၄၂။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၄၃။ ပုဒ်မ ၄၂ အရ အစည်းအဝေးအထမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

**အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စရပ်များ**

၄၄။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည် -

(က) နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) လွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(စ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဆ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

(ဇ) ဥက္ကဋ္ဌကခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

**မဲခွဲဆုံးဖြတ်ခြင်း**

၄၅။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၆။ ပုဒ်မ ၄၅ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယ ဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့်ကိစ္စရပ် တွင်သာ အနိုင်မဲပေးရမည်။

၄၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက မဲခွဲဆုံးဖြတ် ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့်မရှိစေရ။

**လွတ်လပ်စွာပြောဆိုခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့်**

၄၈။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာ သာသနာကို ပုတ်ခတ် ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုး စီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၉။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ တစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏

လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၅၀။ ပုဒ်မ ၄၈ နှင့် ၄၉ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

## ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏တင်ပြခွင့်

၅၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -

(က) လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့၏အစည်းအဝေးသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအမှူး၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ဂ) လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းမေးမြန်းသည့် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော မေးခွန်းများကို ပြန်လည်ဖြေကြားခွင့်ရှိသည့်အပြင် အဆိုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးအကြံပြုခွင့်ရှိသည်။

(ဃ) လွှတ်တော်ကော်မတီများက လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ပြီးစီးခြင်းမရှိသည့်အကြောင်းရင်းကို ပြန်ကြားခွင့်ရှိသည်။

(င) လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက လုပ်ငန်းတာဝန်နှင့်ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား တိုက်ရိုက်ဖိတ်ကြားနိုင်သည်။ ဖိတ်ကြားခြင်းခံရသောပုဂ္ဂိုလ်သည် လာရောက်ရှင်းလင်းဖြေကြားရမည်။

## အခန်း (၁၀)
## နိုင်ငံတော်သမ္မတနှင့်လွှတ်တော်ဆက်သွယ်ရေး

၅၂။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၅၃။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည် -

(က) လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

## အခန်း (၁၁)
## အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၅၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ မိမိအား ပေးအပ်ထားသောတာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသောလွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၁၂)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၅၆။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ မဝင်ရ။

(ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ဖြစ်စေ၊ သူတစ်ပါးအယောင်ဆောင်၍ဖြစ်စေ ဝင်ရောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးကျင်းပချိန်အပ၌ဖြစ်စေ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ညဉ့်အိပ်ညဉ့်နေမပြုရ။

၅၇။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆူပူနှောင့်ယှက်ခြင်းမပြုရ။

(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်က ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရ။

(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) လွှတ်တော်ကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ယင်း၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(င) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန်အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်းမပြုရ။

(စ) လျှို့ဝှက်စွာထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာစာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက်ယူဆောင်လာခြင်းမပြုရ။

၅၈။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၅၉။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့်စည်းကမ်းများဆိုင်ရာ အချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းဖြင့် အရေးယူနိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးများကို တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၆၀။ ဤအခန်းပါ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၃)

## အထွေထွေ

၆၁။ ဤဥပဒေနှင့် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၆၂။ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်သို့ ခွဲဝေသတ်မှတ်ပေးသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆောင်ရွက်ရမည်။

၆၃။ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အများက လေးစားထိုက်သည့်ပုဂ္ဂိုလ်များ

ဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထား တိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

၆၄။ လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရေးရာဦးစီးဌာနရုံးက တာဝန်ယူ ဆောင်ရွက်ရမည်။

၆၅။ လွှတ်တော်သည် လိုအပ်သောမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ် တည်ထောင်ခွင့်ပေးနိုင်သည်။

၆၆။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော် ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များ ကျခံ၍ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်နိုင်သည်။

၆၇။ လွှတ်တော်သည် လွှတ်တော်ရေးရာဦးစီးဌာနရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရမည်။

၆၈။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိ ထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆို ပိုင်ခွင့် မရှိစေရ။

၆၉။ လွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၇၀။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်လုပ်ငန်းဆိုင်ရာများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းတည်ထောင်နိုင်သည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၂။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၁၃/၂၀၁၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်အမှတ် ၁/၂၀၁၂

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၀/၈၈) ပုဒ်မ ၅ နှင့် ၃၂ တို့နှင့်အညီ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤအမိန့်ကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာအမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

## အခန်း (၂)

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်း

၃။ အောက်ပါလုပ်ငန်းရှင်များသည် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ရှိသည် -

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော်လည်း လုပ်ငန်းတစ်ခုလုံး၏ ပိုင်ဆိုင်ပစ္စည်းများ၊ ငွေကြေးများ၊ ပေးရန်နှင့်ရရန်တာဝန်များကို နိုင်ငံသားတစ်ဦးဦးက လုံးဝပါဝင်ကျခံရခြင်းမရှိဘဲ မိမိကသာ ရာနှုန်းပြည့်ကျခံနေသည့် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်၊

(ခ) နိုင်ငံသားတစ်ဦးဦးက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အရင်းအနှီးအစုရှယ်ယာထည့်ဝင်ခြင်းမရှိသည့် စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်၊

(ဂ) အမည်ခံ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်ပေးနေသည့် နိုင်ငံသားတစ်ဦးဦးအား မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ လက်ထပ်ထိမ်းမြားထားခြင်းမရှိသော သို့မဟုတ် အဆိုပါ နိုင်ငံသားတစ်ဦးဦးကို အမွေစား အမွေခံအဖြစ် ဥပဒေနှင့်အညီ မွေးစားထားခြင်းမရှိသော နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုတင်ပြလိုပါသော နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသားသည် -

(က) ရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခွင့်ပြုရေးအတွက် ကော်မရှင်သို့ လိပ်မူတင်ပြစာကို လူကိုယ်တိုင် လာရောက်တင်ပြရမည်။

(ခ) အပိုဒ်ခွဲ (က) အရ တင်ပြသည့်စာတွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) ဆောင်ရွက်မည့် နိုင်ငံခြားသား၏ အမည်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊

(၂) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအမျိုးအစား၊ တည်နေရာ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကော်မရှင်က ထုတ်ပေးခဲ့သည့် ခွင့်ပြုမိန့်အမှတ်၊ ရက်စွဲ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊

(၃) လက်ရှိတာဝန်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားနှင့် ဒါရိုက်တာအဖွဲ့ဝင်နိုင်ငံသားများ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊

(၄) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း၏ နောက်ဆုံးထုတ်ပြန်ခဲ့သော နှစ်စဉ်အစီရင်ခံစာ၊

(၅) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း၏ အခွန်အရပ်ရပ်ပေးဆောင်ပြီးစီးမှုအထောက်အထား၊

(၆) လုပ်ငန်းဆက်လက်ဆောင်ရွက်မည့် နိုင်ငံခြားသားနှင့်ပတ်သက်၍ သက်ဆိုင်ရာသံရုံး၏ ထောက်ခံချက်နှင့် နိုင်ငံကူးလက်မှတ်မိတ္တူ။

(ဂ) ယင်းသို့ဆောင်ရွက်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန် ကော်မရှင်က ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အဆိုပြုတင်ပြရမည်။

၅။　ကော်မရှင်သည် နိုင်ငံခြားသား၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် အဆိုပြုချက်ရရှိသည့်အခါ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရမည် -

(က) ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်ဆောင်ရွက်မည့် နိုင်ငံခြားသားသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံတွင် နာမည်ပျက်စာရင်းသတ်မှတ်ခြင်းခံရသူ ဟုတ် မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာသံရုံးများသို့ ဆက်သွယ်စုံစမ်းစိစစ်ခြင်း၊

(ခ) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့်လုပ်ငန်း ဟုတ် မဟုတ် စိစစ်ခြင်း၊

(ဂ) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထားသည့် အခွန်အရပ်ရပ်ကို ပြေကျေစွာ ပေးဆောင်ပြီးစီးမှုရှိ မရှိ စိစစ်ခြင်း၊

(ဃ) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းသည် တည်နေရာအရလည်းကောင်း၊ ပတ်ဝန်းကျင်အနေအထားအရလည်းကောင်း၊ လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းသဘာဝအရလည်းကောင်း လက်ရှိနေရာတွင် ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် သင့် မသင့် ကွင်းဆင်းစိစစ်ခြင်း။

၆။　ကော်မရှင်က အပိုဒ် ၅ နှင့်အညီ စိစစ်ပြီးသည့်အခါ စိစစ်တွေ့ရှိချက်များကို အနီးကပ်ဆုံးကျင်းပသည့် ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်က သဘောတူလျှင် လက်ရှိနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်နေသည့်လုပ်ငန်း၏ တန်ဖိုးအရပ်ရပ်ကို လက်ရှိဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများထံမှ နိုင်ငံခြားငွေဖြင့် ပြန်လည်ပေးချေဝယ်ယူကာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုရမည်။

၇။　နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ဆက်လက်ဆောင်ရွက်ရာတွင် -

(က) မြေအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၁ နှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) နိုင်ငံခြားငွေဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၁ နှင့်အညီ ဆောင်ရွက်ရမည်။

( ဂ ) ဤအမိန့်နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၌ ခန့်အပ်ထားသည့် နိုင်ငံသား ဝန်ထမ်း၊ လုပ်သားများအား မူလလစာနှင့် ထောက်ပံ့ကြေးနှုန်းထားများအတိုင်း မပျက်မကွက် ထုတ်ပေးရမည်။

(ဃ) ကော်မရှင်၏ခွင့်ပြုမိန့်ရရှိ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် လုပ်ငန်းဆက်လက်ဆောင်ရွက်သည့် အခါ သက်ဆိုင်ရာလုပ်ငန်းအတွက် မူလကခန့်အပ်ထားပြီးဖြစ်သည့် နိုင်ငံသားဝန်ထမ်း၊ လုပ်သား များအား အရေအတွက်လျှော့ချခြင်းမပြုရ။

( င ) နိုင်ငံသားအမည်ခံ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံခြားသားသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုကို ပြင်ဆင်ဆောင်ရွက်ရန် ကော်မရှင်က ထုတ်ပြန်ကြေညာပြီးသည့်အခါ အမိန့်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းမပြုဘဲ မိမိ၏စီးပွားရေးလုပ်ငန်းကို နိုင်ငံသားတစ်ဦးဦးအား ထုခွဲရောင်းချခြင်းမပြုရ။

## အခန်း (၃)
## ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်း

၈။ အောက်ပါလုပ်ငန်းရှင်များသည် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့် ရှိသည် -

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော်လည်း လုပ်ငန်းတစ်ခုလုံး၏ ပုံသေပိုင်ပစ္စည်းများ၊ ငွေကြေးများ၊ ပေးရန်နှင့်ရရန်တာဝန်များကို နိုင်ငံသားတစ်ဦးဦးက တစ်စိတ် တစ်ဒေသ ပါဝင်ကျခံထားသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော နိုင်ငံခြားသားစီးပွားရေး လုပ်ငန်းရှင်၊

( ခ ) နိုင်ငံသားတစ်ဦးဦးက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အရင်းအနှီးအစုရှယ်ယာထည့်ဝင် ထားသည့် စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်၊

( ဂ ) အမည်ခံ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်ပေးနေသည့် နိုင်ငံသားတစ်ဦးဦးအား မြန်မာ့ဓလေ့ ထုံးတမ်းနှင့်အညီဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ လက်ထပ်ထိမ်းမြားထားသော သို့မဟုတ် အဆိုပါ နိုင်ငံသားတစ်ဦးဦးအား အမွေစားအမွေခံအဖြစ် ဥပဒေနှင့်အညီ မွေးစားထားသော နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်။

၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဖြစ် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလိုသော နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသားသည် -

(က) ရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခွင့်ပြုရေးအတွက် ကော်မရှင်သို့ လိပ်မူ တင်ပြစာကို လူကိုယ်တိုင် လာရောက်တင်ပြရမည်။

( ခ ) အပိုဒ်ခွဲ (က) အရ တင်ပြသည့်စာတွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) နိုင်ငံသားနှင့်ဖက်စပ်ဆောင်ရွက်မည့် နိုင်ငံခြားသား၏ အမည်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊

(၂) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအမျိုးအစား၊ တည်နေရာ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် ကော်မရှင်က ထုတ်ပေးခဲ့သည့် ခွင့်ပြုမိန့်အမှတ်၊ ရက်စွဲ၊ ရင်းနှီး မြှုပ်နှံမှုပမာဏ၊

(၃) လက်ရှိတာဝန်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားနှင့် ဒါရိုက်တာအဖွဲ့ဝင်နိုင်ငံသားများ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊

(၄) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း၏ နောက်ဆုံးထုတ်ပြန်ခဲ့သော နှစ်စဉ် အစီရင်ခံစာ၊

(၅) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း၏ အခွန်အရပ်ရပ်ပေးဆောင်ပြီးစီးမှု အထောက်အထား၊

(၆) ဆက်လက်ဆောင်ရွက်မည့် နိုင်ငံခြားသားနှင့်ပတ်သက်၍ သက်ဆိုင်ရာသံရုံး၏ ထောက်ခံချက်နှင့် နိုင်ငံကူးလက်မှတ်မိတ္တူ၊

(၇) ဆက်လက်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ ရင်းနှီးမြှုပ်နှံမှုထည့်ဝင်မည့်အချိုးအစားနှင့် ပမာဏ၊

(၈) ဆက်လက်ဆောင်ရွက်မည့် နိုင်ငံသားအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုရန် လုံလောက်သည့် မြန်မာကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေလက်ဝယ်ရှိကြောင်း အထောက်အထားအဖြစ် သက်ဆိုင်ရာဘဏ်က လွန်ခဲ့သည့်ခြောက်လက ထုတ်ပြန်သည့် ဘဏ်စာရင်းရှင်းတမ်း၊

(၉) ဖက်စပ်လုပ်ငန်းတွင်ပါဝင်ဆောင်ရွက်မည့် နိုင်ငံသားသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ လက်ထပ်ထိမ်းမြား ထားသူဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၅၀ ရာခိုင်နှုန်းအား နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံသူက စိုက်ထုတ်ထည့်ဝင်ပေးမည်ဖြစ်ကြောင်း နိုင်ငံခြားသားကိုယ်တိုင် သဘောတူ လက်မှတ်ရေးထိုးထားသည့် တင်ပြချက်၊

(၁၀) ဖက်စပ်လုပ်ငန်းတွင်ပါဝင်ဆောင်ရွက်မည့် နိုင်ငံသားသည် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက အမွေစားအမွေခံအဖြစ် ဥပဒေနှင့်အညီ မွေးစားထားသူဖြစ်ပါက ငင်းထည့်ဝင်ရမည့် ငွေကြေးပမာဏအချိုးကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက စိုက်ထုတ်ထည့်ဝင်ပေးမည် ဖြစ်ကြောင်း နိုင်ငံခြားသားကိုယ်တိုင် သဘောတူလက်မှတ်ရေးထိုးထားသည့် တင်ပြချက်။

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန် ကော်မရှင်က ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အဆိုပြု တင်ပြရမည်။

၁၀။ ကော်မရှင်သည် နိုင်ငံခြားသား၏ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် အဆိုပြုချက်ရရှိသည့်အခါ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရမည် -

(က) ဖက်စပ်ဆောင်ရွက်မည့် နိုင်ငံခြားသားသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံတွင် နာမည်ပျက် စာရင်းသတ်မှတ်ခြင်းခံရသူ ဟုတ် မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာသံရုံး များသို့ ဆက်သွယ်စုံစမ်းစိစစ်ခြင်း၊

(ခ) ဖက်စပ်ဆောင်ရွက်မည့် နိုင်ငံသားသည် နာမည်ပျက်စာရင်းတင်သွင်းခြင်းခံရသူ ဟုတ် မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်စုံစမ်းစိစစ်ခြင်း၊

(ဂ) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည့်လုပ်ငန်း ဟုတ် မဟုတ် စိစစ်ခြင်း၊

(ဃ) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထားသည့်အခွန်အရပ်ရပ်ကို ပြေကျေစွာ ပေးဆောင်ပြီးစီးမှုရှိ မရှိ စိစစ်ခြင်း၊

(င) ဖက်စပ်ဆောင်ရွက်မည့် နိုင်ငံသား၏ငွေကြေးလုံလောက်ခိုင်မာမှုရှိ မရှိ စိစစ်ခြင်း၊

(စ) ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းသည် တည်နေရာအရလည်းကောင်း၊ ပတ်ဝန်းကျင် အနေအထားအရလည်းကောင်း၊ လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းသဘာဝအရလည်းကောင်း လက်ရှိနေရာတွင် ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် သင့် မသင့် ကွင်းဆင်းစိစစ်ခြင်း။

၁၁။ ကော်မရှင်က အပိုဒ် ၈ နှင့်အညီ စိစစ်ပြီးသည့်အခါ စိစစ်တွေ့ရှိချက်များကို အနီးကပ်ဆုံးကျင်းပသည့် ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်က သဘောတူလျှင် လက်ရှိမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်နေသည့်လုပ်ငန်းမှ နိုင်ငံခြားသားက ပိုင်ဆိုင်ခွင့်ရှိသည့် တန်ဖိုးအရပ်ရပ်ကို လက်ရှိဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများထံမှ နိုင်ငံခြားငွေဖြင့် ပြန်လည်ပေးချေဝယ်ယူကာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုရမည်။

၁၂။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကို ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြင်ဆင်ဆောင်ရွက်ရာတွင် -

(က) မြေအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၁၁ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားငွေဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၁ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်၏ခွင့်ပြုမိန့်ရရှိပြီးချိန်မှ လုပ်ငန်းစတင်ဆောင်ရွက်သည့်အချိန်အထိ ဖက်စပ်ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၌ ခန့်အပ်ထားသည့် နိုင်ငံသားဝန်ထမ်း၊ လုပ်သားများအား မူလလစာနှင့် ထောက်ပံ့ကြေးနှုန်းထားများအတိုင်း မပျက်မကွက်ထုတ်ပေးရမည်။

(ဃ) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ကော်မရှင်၏ခွင့်ပြုမိန့်ရရှိ၍ လုပ်ငန်းဆက်လက်ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာလုပ်ငန်းအတွက် မူလက ခန့်အပ်ထားပြီးဖြစ်သည့် နိုင်ငံသားဝန်ထမ်း၊ လုပ်သားများအား အရေအတွက်လျှော့ချခြင်းမပြုရ။

(င) နိုင်ငံသားအမည်ခံ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံခြားသားသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုကို ပြင်ဆင်ဆောင်ရွက်ရန် ကော်မရှင်က ထုတ်ပြန်ကြေညာပြီးသည့်အခါ ဤအမိန့်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်းမပြုဘဲ မိမိ၏စီးပွားရေးလုပ်ငန်းကို နိုင်ငံသားတစ်ဦးဦးအား ထုခွဲရောင်းချခြင်းမပြုရ။

## အခန်း (၄)

## အထွေထွေ

၁၃။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတစ်ခုခုတွင် နိုင်ငံခြားသား၏ပုံသေပိုင်ပစ္စည်း၊ ငွေကြေး၊ ရှယ်ယာတစ်ရပ်ရပ်ပါဝင်မှုသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၅ ရာခိုင်နှုန်းအောက် လျော့နည်းပါက ယင်းရင်းနှီးမြှုပ်နှံမှုအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ရန်ခွင့်မပြုရ။

၁၄။ အပိုဒ် ၁၃ အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားသားထည့်ဝင်ထားသည့် တန်ဖိုးပမာဏကို ယင်းလုပ်ငန်းတွင် လုပ်ဆောင်နေသည့် ဒါရိုက်တာအဖွဲ့ဝင် နိုင်ငံသားများက ပြန်လည်ဝယ်ယူကာ ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ်သာ ဆောင်ရွက်သွားရမည်။

အမိန့်အရ

(ပုံ) စိုးသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာနှစ်**
**ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏**
**၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**နိဒါန်း**

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း တိုင်းဒေသကြီး၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇. ၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ဝ၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၇. ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၄. ၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၈. ၆ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) စက်မှုလက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ပြီး တိုးတက်မှုနှုန်းကို ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်စေရမည်။

(၄) လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက် ဧရိယာများ မှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၄) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်သွားရန်၊

(၅) ကြံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့်သီးနှံများတွင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုး သွားရန်၊

(၆) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက် သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြု နိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်း ကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။

(၃) ရေမြေဒေသနှင့်ကိုက်ညီသော သီးနှံမျိုးများ၊ ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ ဆားငန်ဒဏ်ခံ စပါးမျိုးများ၊ သုတေသန စမ်းသပ်ဆောင်ရွက်သွားပါမည်။

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်အသုံးပြုနည်း သင်တန်းများ ဆောင်ရွက်သွားပါမည်။

(၅) မြေအောက်ရေရရှိရေးလုပ်ငန်းအနေဖြင့် စက်ရေတွင်း၊ လက်ရိုက်တွင်းများမှ အကျိုးပြု ဧရိယာဧကများရရှိရေး ဆောင်ရွက်သွားပါမည်။

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားပါမည်။

၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ ၂၀၁၁-၂၀၁၂ ခုနှစ်၏ စီမံကိန်းလျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေး ဖြစ်သည်။

(ခ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားကဏ္ဍတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရေး အတွက် ပြည်တွင်းပြည်ပအရင်းအနှီးနှင့် နည်းပညာများရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေး ချေးငွေရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားပါမည်။

(၂) နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေး အတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

(၃) ဌာနပိုင်အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ် သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားပါမည်။

(၄) ပျားရည်ထုတ်လုပ်မှုကို စီမံကိန်းကာလအတွင်း (၁၀၆၀၀၀) ပေါင် တိုးတက်ထုတ်လုပ် ဆောင်ရွက်မည်။

(၅) အသားထုတ်လုပ်မှုကို ပိဿာချိန် (၁၂၃၁) သိန်းနှင့် အခြေခံနှစ်ထက် (၈.၀) ရာခိုင်နှုန်း တိုးတက်ရရှိရန်။

(၆) ငါးပုစွန်ထုတ်လုပ်မှုကို ပိဿာချိန် (၂၀၉၄) သိန်းနှင့် အခြေခံနှစ်ထက် ပိုမိုထုပ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

(၇) ဥထုတ်လုပ်မှုကို လုံးရေ (၁၀၃၉၀) သိန်းနှင့် အခြေခံနှစ်ထက် (၇.၆) ရာခိုင်နှုန်း တိုးတက် ရရှိရန်။

(၈) အင်းများတွင် ငါးမျိုးများချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှုတိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်။

(၉) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားပါမည်။

(၁၀) နိုင်ငံခြားဈေးကွက်တွင် ဈေးကောင်းရရှိပြီး နိုင်ငံခြားငွေများ ရှာဖွေပေးနိုင်မည့် ကဏန်းပျော့ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများအား တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားပါမည်။

(၁၁) ပြည်ပသို့တင်ပို့သော ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်မှုအား မြှင့်တင်ရန်။

(၁၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေးအစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက်သွားပါမည်။

၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါသည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားမည်ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

(၅) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားမည်ဖြစ်သည်။

(၆) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်ဖြစ်သည်။

(၇) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၈) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

(၉) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

(၁၀) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထားခြင်း မရှိပါ။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သောအဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့်လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည်။

(၃) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ ဖက်စပ်လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်မည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် Green Industry များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် Energy Efficiency အကျိုးရှိထိရောက်စွာသုံးစွဲသွားရေး တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန်၊ အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များကို တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(၄) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၅) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၆) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်နှင့် လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းနယ်ပယ်များတွင် Source Industry များ၊ Basic Industry များနှင့် Production Line Industry များမှရရှိသော ထုတ်လုပ်မှုနည်းစဉ်နှင့် အတွေ့အကြုံများကို Research and Development Centre များမှ သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး၊

(၇) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက် ကျပ် ၃၅၉၀.၇ (ဘီလီယံ) နှင့် တိုးတက်မှုနှုန်း ၁၀.၆ ရာခိုင်နှုန်းများရရှိရန် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးခြင်းနည်းလမ်းများကို ကျင့်သုံး၍ ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေးတိုးမြှင့်ဆောင်ရွက်မည်။

(၄) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၅) လယ်ယာအထောက်အကူပြုစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားရန်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကိုထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) လျှပ်စစ်ဓာတ်အား၏အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးလိုင်းများသွယ်တန်းမှု၊ ဓာတ်အားခွဲရုံအင်အား ရည်မှန်းချက်များအား ပြည့်မီကျော်လွန်စွာဆောင်ရွက်ရေး၊

(၂) လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကိုထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

၁၃။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကိုအထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ (Urban Development Policy) နှင့် မြို့ပြမဟာဗျူဟာများ (Urban Development Strategies) များ ချမှတ်ဆောင်ရွက်ရေး၊

(၂) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု (Socio Economic Development) ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီးပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များဖော်ထုတ်ရန် Master Plan များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်မည်။

(၂) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်တန်းမြင့်မားလာစေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းများအား အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်မည်၊

(၂) လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး။

၁၄။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေကြောင်းလိုင်းများ၊ လေဆိပ်များအား နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပင်လယ်ကူးသင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားသင်္ဘောများ ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် ခေတ်မီရေနက်ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများ တည်ဆောက်နိုင်ရေး၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာသဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရေး ဆောင်ရွက်ရေး၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၄) အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် (National Railway Network) ဖြစ်ထွန်းလာစေရေး၊

(၅) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၆) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား ရန်ကုန်တိုင်းဒေသကြီးမှ ချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်မည်။

(၂) ရေကြောင်းသွားလာမှုတိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်မည်။

(၃) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်မည်။

(၄) နိုင်ငံတကာသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သင်္ဘောအရေအတွက် တိုးတက်လာရေးအတွက် လိုအပ်သောစစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန်

ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာအခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပါမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင်မြစ်ကူး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလွှဲမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး အတွက် မြစ်ကွေ့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့်ယန္တရားများ ကြံ့ခိုင် စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် သွားမည်။

(၄) ကမ္ဘာ့အဆင့်မီ ရေကြောင်းဆိုင်ရာကောလိပ်နှင့် တက္ကသိုလ်များ ပေါ်ထွန်းလာရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝသော ရေကြောင်းအရာရှိလောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

(၅) မိုးလေဝသလုပ်ငန်းနှင့်ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ မုန်တိုင်းပြ ရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို ဆောင်ရွက်သွားမည်။

(၆) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်း ဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိ တံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက် အဦးနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၇) ယာဉ်များ စနစ်တကျစစ်ဆေးနိုင်ရန် ခေတ်မီစက်ကိရိယာများနှင့် ပို့ဆက်ကျောင်း၏ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ထပ်မံဖြည့်တင်းမည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတွင် ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်/ကြေးနန်းဆိုင်ရာဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍတည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင်ရင်းနှီး မြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်အပေါ် ၁.၀၂ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁.၈ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက် ပါမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်မှုလုပ်ငန်း တိုးတက်စေရန် ဆောင်ရွက်ပါမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ပေးရန် ဆောင်ရွက်ပါမည်။

(၂) သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ Internet သုံးစွဲမှုများတွင် Cyber Security မြှင့်တင်ရေးကိစ္စ ဆောင်ရွက်ပါမည်။

(၃) အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်များ စိစစ်ငှားရမ်းခြင်း၊ International Calling Card စနစ်များ မိတ်ဆက်ခြင်း၊ အပြည်ပြည်ဆိုင်ရာခေါ်ဆိုမှုများအား ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်မည်။

၁၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်မည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၃) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မည်။

(၄) ဖွဲ့စည်းပုံဝန်ထမ်းအင်အား၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်ပစ္စည်းလိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ဖြည့်ဆည်းဆောင်ရွက်မည်။

(၅) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၆) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေး ဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်မည်။

(၇) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊

(၃) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် တို့နှင့် ဆက်စပ်လျက်ရှိသောအခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(၅) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊

(၆) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝမှန်ကန်စွာရရှိရေး၊

(၇) မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး၊

(၈) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အပြန်အလှန်ကူးလူးဆက်နွယ်မှုများတိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များဖွံ့ဖြိုး တိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက် အကူပြုစေရေးဖြစ်သည်။

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ရေးဖြစ်သည်။

## **အခန်း (၅)**

## **အထွေထွေ**

၂၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ် ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း

ဥက္ကဋ္ဌ

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏**

**၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**နိဒါန်း**

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏စျေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏စျေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) တိုင်းဒေသကြီးအတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(၅) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၁၆ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၇.၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၅.၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇.၈ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇.၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉.၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၆.၁ ရာခိုင်နှုန်း အသီးသီးတိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ပါမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏အင်အားကို

ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့်ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားပါမည်။

(၃) မြေအောက်ရေရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားမည်။

(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း ရေသွင်းစိုက်ပျိုးမည့် မြေဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်။

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်သွားပါမည်။

၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် ၂၀၁၂-၂၀၁၃ ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးနှင့် တိုးတက်မှုနှုန်း ၁၄.၀ ရာခိုင်နှုန်း ရရှိစေရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပျားရည်ထုတ်လုပ်မှုကို စီမံကိန်းကာလအတွင်း (၁၀၆၂၀၀) ပေါင် တိုးတက်ထုတ်လုပ် ဆောင်ရွက်မည်၊

(၂) အသားထုတ်လုပ်မှုကို ပိဿာချိန် (၁၃၃၂) သိန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းနှစ်ထက် (၈.၂) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၃) ငါးပုစွန်ထုတ်လုပ်မှုကို ပိဿာချိန် (၂၆၁၇) သိန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းနှစ်ထက် (၂၅.၀) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၄) ဥထုတ်လုပ်မှုကို လုံးရေ (၁၁၂၃၉) သိန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းနှစ်ထက် (၈.၂) ရာခိုင်နှုန်း တိုးတက်ရရှိရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၂) ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ၏ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်း ဆောင်ရွက်သွားမည်၊

(၃) မွေးမြူရေးဆိုင်ရာအခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်သွားပါမည်၊

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်၊

(၅) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားမည်၊

(၆) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၇) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေးတိုးတက်စေရန် တိုးချဲ့မွေးမြူဆောင်ရွက်သွားပါမည်၊

(၈) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမည်။

၈။　ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန်ဖြစ်သည်။

(၂) ရေဝေရေလဲဒေသများထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန်ဖြစ်သည်။

(၅) မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်သွားရန်ဖြစ်သည်။

(၆) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန်ဖြစ်သည်။

(၇) နှစ်စဉ် လှူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်ဖြစ်သည်။ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၈) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

(၉) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

(၁၀) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သောသစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၁) ဖက်စပ်၊ ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးသွားရန်ဖြစ်သည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍရည်မှန်း ထားရှိခြင်း မရှိပါ။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်မည်။

(၃) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်မည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပိုမိုတိုးတက်လာရေးဆောင်ရွက်ရန်နှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲ သွားရေး တွန်းအားပေးဆောင်ရွက်သွားရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုဇုန်လုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်းနယ်ပယ်နှင့် ထုတ်လုပ်မှု နည်းစဉ်အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုအဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြင့်တင်ရမည်။

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ် နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်။

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်းနယ်ပယ်များ ထူထောင် နိုင်ရန် ဆောင်ရွက်မည်။

(၄) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်။

(၅) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများအား စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး (စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာနှင့် ရင်းနှီးငွေ) စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းကူညီပံ့ပိုးပေးမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်းအရည်အသွေး တိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်။

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ် စစ်ဆေးသွားရမည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လျှပ်စစ်ဓာတ်အားကို လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက် သွားရေး။

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေး စက်များ တပ်ဆင်သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုး ပေးရေး။

(၃) လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(၄) လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဓာတ်အားဗို့နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

(၅) ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်ငွေ့တာဘိုင် စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင် အထည်ဖော် တည်ဆောက်သွားရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လျှပ်စစ်ဓာတ်အားကို လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက် သွားရေး။

(၂) လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(၃) ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးလိုင်းများသွယ်တန်းမှု၊ ဓာတ်အားခွဲရုံအင်အား ရည်မှန်းချက်များအား ပြည့်မီကျော်လွန်စွာဆောင်ရွက်ရေး။

(၄) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလို ဆောင်ရွက်သွားမည် -

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

(ဂ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုခြင်း၊

(ဃ) လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

(င) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေး စက်များ အသုံးပြုခြင်း၊

(စ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

၁၃။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ် ဆောင်ရွက်ရေး၊

(၂) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေး အတွက် ဘေးကင်းလုံခြုံစိတ်ချရသောအိမ်ရာများနှင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေး အတွက် အဓိကထားဆောင်ရွက်ရေး၊

(၃) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုအရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆောက်လုပ်မှုကဏ္ဍ၏ အသားတင်ဆောက်လုပ်မှုတန်ဖိုးကို (၆. ၅) ရာခိုင်နှုန်း တိုးတက်ရန် ဆောင်ရွက်မည်။

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် လမ်း/တံတားစီမံကိန်းလုပ်ငန်းများ ပြည့်မီစွာဆောင်ရွက်မည်။

(၃) ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးမှုရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက် ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်း ရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် စီမံကိန်း၊ စီမံချက်များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်သည်။

(၄) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုး တိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

(၂) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ဆက်လက် ပေးသွားရန်ဖြစ်သည်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ် ဆောင်ရွက်ရေး။

၁၄။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်ရေးအတွက် မော်တော်ယာဉ်၊ ရေယာဉ်များ အသစ်တည်ဆောက်ခြင်း၊ အစားထိုးဖြည့်တင်းဆောင်ရွက်ရေး၊

(၂) ဆိပ်ကမ်းအသီးသီး၏ ပို့ကုန်၊ သွင်းကုန်များ လျင်မြန်သွက်လက်စေရေးနှင့် ခေတ်မီသော ရေနက်ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်ရေး၊

(၃) ရေကြောင်း၊ လေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်သွားရေး၊

(၄) အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၅) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည် အသွေးမြင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၆) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းနှင့်လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား တိုင်းဒေသကြီးမှ ချမှတ်သည့် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၃) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

(၄) နိုင်ငံတကာသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(၅) နိုင်ငံတကာလေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် နိုင်ငံသားများအား လေယာဉ်မောင်းသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြစ်ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၂) ဆိပ်ကမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ ဆိပ်ခံဗောတံတားများ၊ မီးပြတိုက်များ၊ ဖော်ယာများ အကြီးစားမွမ်းမံခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း၊ နိုင်ငံခြားသင်္ဘောကြီးများ ဝင်/ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း သောင်တူးဖော်ခြင်း၊ ဆိပ်ကမ်းနယ်မြေ သာယာလှပရေးတို့အတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်မည်။

(၃) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ၊ လေဆိပ်အဆောက်အဦ တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လေကြောင်းပညာသိပ္ပံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၄) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ/စက်မဲ့ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည်။

(၅) သင်္ဘောကျင်းများတွင် လက်ရှိရေယာဉ်များပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည်။

(၆) ကမ္ဘာ့အဆင့်မီရေကြောင်းဆိုင်ရာ ကောလိပ်နှင့်တက္ကသိုလ်များ ပေါ်ထွန်းလာရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝသော ရေကြောင်းအရာရှိလောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည်။

(၇) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၈) စက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံတို့ကို တည်ဆောက်ပြီး လိုအပ်သော စက်ခေါင်းသစ်နှင့် လူစီးတွဲသစ်များ တည်ဆောက်မည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍအနေဖြင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို တိုးတက်မှုနှုန်းအနေဖြင့် ၉၇. ၄ ရာခိုင်နှုန်းဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ဆောင်ရွက်ရေး။

(၂) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နည်းပညာပြန့်ပွားရေး Center များဖွင့်လှစ်ဆောင်ရွက်မည်။

(၃) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် အပြည်ပြည်ဆိုင်ရာ (International Gateway) အိတ်ချိန်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်မည်။

(၄) ICT Master Plan နှင့်ပတ်သက်၍ အလုပ်ရုံများဆွေးနွေးပွဲများကျင်းပ၍ အကောင်အထည်ဖော်မည်။

(၅) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား IPv6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်မည်။

(၆) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်။

(၇) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၈) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရေးအစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

၁၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက် ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ် ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသောဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း များအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်သည်။

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(၄) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၅) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၆) ပြည်တွင်း၊ ပြည်ပငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်း ရှာဖွေဆောင်ရွက်ရန်ဖြစ်သည်။

(၇) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၈) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့ အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်သွားရမည်။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍနှင့်စပ်လျဉ်း၍ -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေးနှင့် ကျေးလက် ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့်စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) ဒေသတွင်း သိပ္ပံနှင့်နည်းပညာသင်ယူနိုင်မှုအခွင့်အလမ်းများ တိုးတက်ရရှိလာခြင်းဖြင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအခွင့်အလမ်း ပိုမိုမြင့်မားလာပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊

(၈) ကျန်းမာရေးစနစ်အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၉) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့်ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်ရေး ဆောင်ရွက်ရေး၊

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ရေး၊

(၄) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၅) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ထိန်းကြောင်းပေးရေး။

## အခန်း (၅)
## အထွေထွေ

၂၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏**

**၂၀၁၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

**၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏**

**နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**

**( ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် )**

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

**အခန်း (၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း**

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## ရန်ကုန်တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်ကတာဝန်ပေးသူ | ၁၃. ၄၃၀ | | | | | | |
| ၂ | ၄ | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၁၅. ၂၀၀ | | | |
| ၃ | ၆ | ပြန်ကြားရေး | ၎င်း | | | | ၁. ၇၀၀ | | | |
| ၄ | ၇ | အားကစား | ၎င်း | ၉. ၂၁၅ | | | | | | |
| ၅ | ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၀. ၉၆၇ | | | | | | |
| ၆ | ၁၃ | ဆောက်လုပ်ရေး | ၎င်း | ၂၈၇၁. ၉၇၇ | | | ၆၅၂၆. ၃၅၀ | | | |
| ၇ | ၁၄ | သမဝါယမ | ၎င်း | ၁. ၈၈၃ | | | ၄၇. ၆၂၈ | | | |
| ၈ | ၁၈ | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၎င်း | ၄၀၀၆. ၅၀၀ | | | ၁၄၆၆. ၀၀၀ | | | |
| ၉ | ၁၉ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၆၄. ၂၈၃ | | | ၅၈၀. ၀၁၁ | | | |
| | | ပေါင်း | | ၆၉၆၈. ၂၅၅ | | | ၈၆၃၆. ၈၈၉ | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်**
**ဒေသန္တရစီမံကိန်းဥပဒေကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ နှင့်အညီ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဖေသိန်း
ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး

**၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ**
**( ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။ )**

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

**နိဒါန်း**

၁။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီး၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အစရှိသည့် လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၇.၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၄.၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၈.၆ ရာခိုင်နှုန်းအသီးသီး ပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) စက်မှုလက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ပြီး တိုးတက်မှုနှုန်းကို ၁၀.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်စေရမည်။

(၄) လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများ မှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၄) စပ်မျိုးစပါး၊ စပ်မျိုး၊ နေကြာမျိုးစေ့များ ထုတ်လုပ်သွားရန်၊

(၅) ကြံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံများတွင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၆) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက် ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားပါမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။

(၃) ရေမြေဒေသနှင့် ကိုက်ညီသော သီးနှံမျိုးများ၊ ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ ဆားငန်ဒဏ်ခံ စပါးမျိုးများ၊ သုတေသန စမ်းသပ်ဆောင်ရွက်သွားပါမည်။

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်အသုံးပြုနည်း သင်တန်းများ ဆောင်ရွက်သွားပါမည်။

(၅) မြေအောက်ရေရရှိရေးလုပ်ငန်းအနေဖြင့် စက်ရေတွင်း လက်ရိုက်တွင်းများမှ အကျိုးပြု ဧရိယာဧကများ ရရှိရေး ဆောင်ရွက်သွားပါမည်။

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားပါမည်။

၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ၂၀၁၁-၂၀၁၂ ခုနှစ်၏ စီမံကိန်းလျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေး ဖြစ်သည်။

(ခ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားကဏ္ဍ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မွေးမြူနိုင်ရေး အတွက် ပြည်တွင်းပြည်ပ အရင်းအနှီးနှင့် နည်းပညာများရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေး ချေးငွေ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားပါမည်။

(၂) နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်နိုင်ရေး အတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

(၃) ဌာနပိုင်အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ် သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားပါမည်။

(၄) ပျားရည်ထုတ်လုပ်မှုကို စီမံကိန်းကာလအတွင်း (၁၀၆၀၀၀) ပေါင် တိုးတက်ထုတ်လုပ် ဆောင်ရွက်မည်။

(၅) အသားထုတ်လုပ်မှုကို ပိဿာချိန် (၁၂၃၁) သိန်းနှင့် အခြေခံနှစ်ထက် (၈.၀) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၆) ငါးပုစွန်ထုတ်လုပ်မှုကို ပိဿာချိန် (၂၀၉၄) သိန်းနှင့် အခြေခံနှစ်ထက် ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၇) ဥထုတ်လုပ်မှုကို လုံးရေ (၁၀၃၉၀) သိန်းနှင့် အခြေခံနှစ်ထက် (၇.၆) ရာခိုင်နှုန်း တိုးတက် ရရှိရန်၊

(၈) အင်းများတွင် ငါးမျိုးများ ချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှု တိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်။

(၉) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက်သွားပါမည်။

(၁၀) နိုင်ငံခြားဈေးကွက်တွင် ဈေးကောင်းရရှိပြီး နိုင်ငံခြားငွေများ ရှာဖွေပေးနိုင်မည့် ဂဏန်းပျော့ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများအား တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားပါမည်။

(၁၁) ပြည်ပသို့ တင်ပို့သော ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်မှုအား မြှင့်တင်ရန်၊

(၁၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများအတွက် မိသားစုအပိုဝင်ငွေ ရရှိစေရေး ဆောင်ရွက်သွားပါမည်။

၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည် ဖြစ်ပါသည်။

(၂) ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်သွားမည်ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြှင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေး၊ စွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

(၅) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားမည်ဖြစ်သည်။

(၆) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်ဖြစ်သည်။

(၇) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

(၈) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်သည်။

(၉) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

(၁၀) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထားရှိခြင်းမရှိပါ။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တု ထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက် ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၃) ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှု မရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်မည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် Green Industry များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် Energy Efficiency အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ပြီး အကြီးစား စက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များကို တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(၄) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၅) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာအတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရန်၊

(၆) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်နှင့် လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းနယ်ပယ်များတွင် Source Industry များ Basic Industry များနှင့် Production Line Industry များမှ ရရှိသော ထုတ်လုပ်မှုနည်းစဉ်နှင့် အတွေ့အကြုံများကို Research and Development Centre များမှ သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး၊

(၇) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘ၀ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက် ကျပ် ၃၅၉၀.၇ (ဘီလီယံ) နှင့် တိုးတက်မှုနှုန်း ၁၀.၆ ရာခိုင်နှုန်းများရရှိရန် ဆောင်ရွက်မည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျ လွှဲပြောင်းပေးခြင်းနည်းလမ်းများကို ကျင့်သုံး၍ ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျ စီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှု အတတ်ပညာများ စီး၀င်လာစေရေး တိုးမြှင့်ဆောင်ရွက်မည်။

(၄) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၆) ပတ်၀န်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားရန်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(ခ) ရည်မှန်းချက်မှာ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးလိုင်းများ သွယ်တန်းမှု၊ ဓာတ်အားခွဲရုံအင်အားရည်မှန်းချက်များအား ပြည့်မီကျော်လွန်စွာ ဆောင်ရွက်ရေး၊

(၂) လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

၁၃။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ (Urban Development Policy) နှင့် မြို့ပြမဟာဗျူဟာများ (Urban Development Strategies) များ ချမှတ်ဆောင်ရွက်ရေး၊

(၂) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးမှု (Socio Economic Development) ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် Master Plan များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်မည်။

(၂) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်တန်းမြင့်မားလာစေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းများအား အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်မည်။

(၂) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုအရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲ စေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

၁၄။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေကြောင်းလိုင်းများ၊ လေဆိပ်များအား နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပင်လယ်ကူးသင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားသင်္ဘောများ ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် ခေတ်မီရေနက်ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများ တည်ဆောက်နိုင်ရေး၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရေး ဆောင်ရွက်ရေး၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၄) အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် (National Railway Network) ဖြစ်ထွန်းလာစေရေး၊

(၅) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည် အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၆) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား ရန်ကုန်တိုင်းဒေသကြီးမှ ချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်မည်။

(၂) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်မည်။

(၃) နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်မည်။

(၄) နိုင်ငံတကာ သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သင်္ဘောအရေအတွက် တိုးတက်လာရေးအတွက် လိုအပ်သော စစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန် ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခဒဏ်ကြေးများ အပြည့်အဝ ကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပါမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် မြစ်ကွေ့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့် ယန္တရားများကြံ့ခိုင်စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၄) ကမ္ဘာ့အဆင့်မီရေကြောင်းဆိုင်ရာ ကောလိပ်နှင့်တက္ကသိုလ်များ ပေါ်ထွန်းလာရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝသော ရေကြောင်းအရာရှိလောင်းများမွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

(၅) မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများ ဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ မုန်တိုင်းပြရေဒါစခန်း၊ ဂြိုလ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကိုဆောင်ရွက်သွားမည်။

(၆) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၇) ယာဉ်များ စနစ်တကျစစ်ဆေးနိုင်ရန် ခေတ်မီစက်ကိရိယာများနှင့် ပို့ဆက်ကျောင်း၏သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ထပ်မံဖြည့်တင်းမည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတွင် ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်/ကြေးနန်းဆိုင်ရာ ဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင် ရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်အပေါ် ၁.၀၂ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁.၈ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ပါမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်မှုလုပ်ငန်း တိုးတက် စေရန် ဆောင်ရွက်ပါမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ပေးရန် ဆောင်ရွက်ပါမည်။

(၂) သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ Internet သုံးစွဲမှုများတွင် Cyber Security မြှင့်တင်ရေးကိစ္စ ဆောင်ရွက်ပါမည်။

(၃) အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချန်နယ်များ စိစစ်ငှားရမ်းခြင်း၊ International Calling Card စနစ်များ မိတ်ဆက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ခေါ်ဆိုမှုများအား ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်မည်။

၁၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ် လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရေး ဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက် ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ် ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း များအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်မည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အီလက်ထရောနစ် ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၃) နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မည်။

(၄) ဖွဲ့စည်းပုံ ဝန်ထမ်းအင်အား၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်ပစ္စည်းလိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ဖြည့်ဆည်း ဆောင်ရွက်မည်။

(၅) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၆) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေး ဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်မည်။

(၇) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေး ဆောင်ရွက်ရေး၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(၅) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(၆) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊

(၇) မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရေး၊

(၈) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာန ရည်မှန်းချက်များနှင့်ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အပြန်အလှန် ကူးလူးဆက်နွယ်မှုများတိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များဖွံ့ဖြိုး တိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူ ပြုစေရေးဖြစ်သည်။

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ရေးဖြစ်သည်။

## အခန်း (၅)
## အထွေထွေ

၂၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ် ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်
## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၂)

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကို ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ နှင့်အညီ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဖေသိန်း
ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး

# ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

### နိဒါန်း

၁။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သောလုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။

ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့်အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) တိုင်းဒေသကြီးအတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(၅) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး၊

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇. ၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁၆ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၇. ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၅. ၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇. ၈ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇. ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉. ၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၆. ၁ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများမှန်ကန်ရေး ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ ဖော်ထုတ်သွားရန်၊

(၅) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက် ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ပါမည်။

(၂) စပ်မျိုး စပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ စပ်မျိုးစပါး မျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါး အထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားပါမည်။

(၃) မြေအောက်ရေရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားမည်။

(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း ရေသွင်းစိုက်ပျိုးမည့် မြေဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်။

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်သွားပါမည်။

၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် ၂၀၁၂-၂၀၁၃ ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးနှင့် တိုးတက်မှုနှုန်း ၁၄.၀ ရာခိုင်နှုန်း ရရှိစေရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပျားရည်ထုတ်လုပ်မှုကို စီမံကိန်းကာလအတွင်း (၁၀၆၂၀၀) ပေါင် တိုးတက်ထုတ်လုပ် ဆောင်ရွက်မည်၊

(၂) အသားထုတ်လုပ်မှုကို ပိဿာချိန် (၁၃၃၂) သိန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းနှစ်ထက် (၈.၂) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၃) ငါးပုစွန်ထုတ်လုပ်မှုကို ပိဿာချိန် (၂၆၁၇) သိန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းနှစ်ထက် (၂၅.၀) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၄) ဥထုတ်လုပ်မှုကို လုံးရေ (၁၁၂၃၉) သိန်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းနှစ်ထက် (၈.၂) ရာခိုင်နှုန်း တိုးတက်ရရှိရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေ ရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်၊

(၃) မွေးမြူရေးဆိုင်ရာအခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်သွားပါမည်၊

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်၊

(၅) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက်သွားမည်၊

(၆) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၇) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် တိုးချဲ့မွေးမြူဆောင်ရွက်သွားပါမည်၊

(၈) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေး ဆောင်ရွက်သွားမည်။

၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ရေ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန်ဖြစ်သည်။

(၂) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန်ဖြစ်သည်။

(၅) မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတား ဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေ ဖူလုံစေရေး အတွက် ရေကန်ငယ်များ တူးဖော်သွားရန်ဖြစ်သည်။

(၆) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန်ဖြစ်သည်။

(၇) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန် ဖြစ်သည်။ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၈) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

(၉) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်လာစေရန် ဖြစ်သည်။

(၁၀) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံး ကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၁) ဖက်စပ်၊ ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးသွားရန်ဖြစ်သည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထား ရှိခြင်းမရှိပါ။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာ တွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာ များ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

(၃) ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်မည်။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေးတွန်းအားပေး ဆောင်ရွက်သွားရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုဇုန်လုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်နှင့် ထုတ်လုပ်မှုနည်းစဉ် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှု အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(၂) ပြည်တွင်းသယံဇာတများအခြေခံ အသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်။

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်းနယ်ပယ်များ ထူထောင်နိုင်ရန် ဆောင်ရွက်မည်။

(၄) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်။

(၅) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး (စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာနှင့် ရင်းနှီးငွေ) စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်း ကူညီပံ့ပိုးပေးမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်။

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားရမည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လျှပ်စစ်ဓာတ်အားကို လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဓာတ်အားဗို့နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) လျှပ်စစ်ဓာတ်အားကို လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၃) ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးလိုင်းများ သွယ်တန်းမှု၊ ဓာတ်အားခွဲရုံအင်အား ရည်မှန်းချက်များအား ပြည့်မီကျော်လွန်စွာ ဆောင်ရွက်ရေး၊

(၄) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလိုဆောင်ရွက်သွားမည် -

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

(ဂ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများအသုံးပြုခြင်း၊

(ဃ) လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

(င) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(စ) ဇီဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ လောင်စာသုံးဓာတ်အားပေးစက်များ အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

၁၃။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၂) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး၊

(၃) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုအရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆောက်လုပ်မှုကဏ္ဍ၏ အသားတင်ဆောက်လုပ်မှုတန်ဖိုးကို (၆.၅) ရာခိုင်နှုန်း တိုးတက်ရန် ဆောင်ရွက်မည်။

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် လမ်း/တံတား စီမံကိန်းလုပ်ငန်းများ ပြည့်မီစွာဆောင်ရွက်မည်။

(၃) ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှုရရှိရေးအတွက် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များဖော်ထုတ်ရန် စီမံကိန်း၊ စီမံချက်များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်သည်။

(၄) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့် နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

(၂) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့်အကူအညီများကို ဆက်လက်ပေးသွားရန် ဖြစ်သည်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး။

၁၄။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့်ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် မော်တော်ယာဉ်၊ ရေယာဉ်များ အသစ်တည်ဆောက်ခြင်း၊ အစားထိုးဖြည့်တင်းဆောင်ရွက်ရေး၊

(၂) ဆိပ်ကမ်းအသီးသီး၏ ပို့ကုန်၊ သွင်းကုန်များ လျင်မြန်သွက်လက်စေရေးနှင့် ခေတ်မီသောရေနက်ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းများ တည်ဆောက်နိုင်ရေးဆောင်ရွက်ရေး၊

(၃) ရေကြောင်း၊ လေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေး၊

(၄) အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၅) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၆) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းနှင့်လေကြောင်း ပို့ဆောင်ရေးကဏ္ဍများတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်သည်။

(၂) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား တိုင်းဒေသကြီးမှ ချမှတ်သည့် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၃) နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန် ဖြစ်သည်။

(၄) နိုင်ငံတကာ သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(၅) နိုင်ငံတကာ လေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် နိုင်ငံသားများအား လေယာဉ်မောင်းသင်တန်းကျောင်းများ တည်ထောင်

ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို၊ ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြစ်ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၂) ဆိပ်ကမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ ဆိပ်ခံဖောတံတားများ၊ မီးပြတိုက်များ၊ ဖော်ယာများ အကြီးစားမွမ်းမံခြင်းနှင့် အစားထိုး တည်ဆောက်ခြင်း၊ နိုင်ငံခြားသင်္ဘောကြီးများ ဝင်/ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း သောင်တူးဖော်ခြင်း၊ ဆိပ်ကမ်းနယ်မြေ သာယာလှပရေးတို့အတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်မည်။

(၃) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း လုပ်ငန်းများ၊ လေဆိပ်အဆောက်အဦတိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လေကြောင်းပညာသိပ္ပံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၄) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ/စက်မဲ့ ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည်။

(၅) သင်္ဘောကျင်းများတွင် လက်ရှိရေယာဉ်များ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းအား ဆောင်ရွက်မည်။

(၆) ကမ္ဘာ့အဆင့်မီ ရေကြောင်းဆိုင်ရာကောလိပ်နှင့် တက္ကသိုလ်များပေါ်ထွန်းလာရေး၊ နိုင်ငံတကာ အဆင့်မီ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြု သင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝသော ရေကြောင်းအရာရှိလောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည်။

(၇) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်း ဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိ တံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက် အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၈) စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ် တည်ဆောက်ရေးစက်ရုံတို့ကို တည်ဆောက်ပြီး လိုအပ်သော စက်ခေါင်းသစ်နှင့် လူစီးတွဲသစ်များ တည်ဆောက်မည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး၊ IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအား အချိုးအစား မျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို တိုးတက်မှုနှုန်းအနေဖြင့် ၉၇. ၄ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ဆောင်ရွက်ရေး၊

(၂) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်၊

(၃) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူ ချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ (International Gateway) အိတ်ချိန်းများ တိုးချဲ့ခြင်း ကိုလည်း ဆောင်ရွက်မည်၊

(၄) ICT Master Plan နှင့်ပတ်သက်၍ အလုပ်ရုံများ ဆွေးနွေးပွဲများကျင်းပ၍ အကောင် အထည်ဖော်မည်၊

(၅) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား IPv6 စနစ်သို့ ပြောင်းလဲ သုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်မည်၊

(၆) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်၊

(၇) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေး ပေါ်ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်၊

(၈) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရေးအစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

၁၆။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ် လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရေး ဖြစ်သည်။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက် ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ် ကွပ်ကဲမှုပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊

ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၄) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၅) နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၆) ပြည်တွင်း၊ ပြည်ပငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်ဖြစ်သည်။

(၇) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၈) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွက်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်သွားရမည်။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများတိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေးနှင့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှု ကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၇) ဒေသတွင်း သိပ္ပံနှင့်နည်းပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်းဖြင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်း ပိုမိုမြင့်မားလာပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊

(၈) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၉) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်ရေးဆောင်ရွက်ရေး၊

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ရေး၊

(၄) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၅) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ထိန်းကြောင်း ပေးရေး။

## အခန်း (၅)

## အထွေထွေ

၂၀။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ် ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

## ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ နှင့်အညီ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဖေသိန်း

ညွှန်ကြားရေးမှူး

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး

## ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

**( ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃ ။ )**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ခ ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ရန်ကုန်တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်ကတာဝန်ပေးသူ | ၁၃. ၄၃၀ | | | | | | |
| ၂ | ၄ | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၁၅. ၂၀၀ | | | |
| ၃ | ၆ | ပြန်ကြားရေး | ၎င်း | | | | ၁. ၇၀၀ | | | |
| ၄ | ၇ | အားကစား | ၎င်း | ၉. ၂၁၅ | | | | | | |
| ၅ | ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၀. ၉၆၇ | | | | | | |
| ၆ | ၁၃ | ဆောက်လုပ်ရေး | ၎င်း | ၂၈၇၁. ၉၇၇ | | | ၆၅၂၆. ૩၅၀ | | | |
| ၇ | ၁၄ | သမဝါယမ | ၎င်း | ၁. ၈၈၃ | | | ၄၇. ၆၂၈ | | | |
| ၈ | ၁၈ | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၎င်း | ၄၀၀၆. ၅၀၀ | | | ၁၄၆၆. ၀၀၀ | | | |
| ၉ | ၁၉ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၆၄. ၂၈၃ | | | ၅၈၀. ၀၁၁ | | | |
| | | ပေါင်း | | ၆၉၆၈. ၂၅၅ | | | ၈၆၃၆. ၈၈၉ | | | |

# ကချင်ပြည်နယ်လွှတ်တော်
# ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ
# ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ နှင့်အညီ ကချင်ပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့် သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကချင်ပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။ ပဉ္စမကာလတို ငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဖြစ်သည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာ ကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားတိုးတက် ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်မည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၄.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၀၅ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၅.၁ ရာခိုင်နှုန်းမှ ၄၃.၄ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၇ ရာခိုင်နှုန်းမှ ၂၃.၅ ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၂.၂ ရာခိုင်နှုန်းမှ ၃၃.၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁.၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇.၉ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရန်၊

(ဃ) လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ဒေသန္တရ စီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) သီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများမှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများ မှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၂) စပါး၊ ကြံ၊ ပိုးစာ၊ ကြက်ပေါင်စေး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစသည့် သီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၃) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၄) အကျိုးပြုဧရိယာ ဧက (၈၄၈၆) ရှိသော ဆည်မြောင်း တာတမံ စီမံကိန်း (၂) ခုအား တည်ဆောက်သွားရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၆) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည်။

(၂) ရေမြေဒေသနှင့်ကိုက်ညီသော သီးနှံမျိုးများ၊ ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ တောင်ပေါ်ယာ စပါးများ သုတေသန စမ်းသပ်ဆောင်ရွက်သွားမည်။

(၃) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာ ကိုင်တွယ်အသုံးပြုနည်း သင်တန်းများ ဆောင်ရွက်သွားမည်။

(၄) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားမည်။

(၅) စိုက်ပျိုးစရိတ်ငွေကြေး ကျပ်သန်းပေါင်း (၆၃၂၇. ၅) သန်း ထုတ်ချေးပေးသွားမည်။

၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) ငါးနှစ်စီမံကိန်း၏ မူဝါဒနှင့် ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ် (၂၀၁၁-၂၀၁၂) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် သားငါးကဏ္ဍ ထုတ်လုပ်မှုကို အခြေခံနှစ်၏ ၄. ၉ ရာခိုင်နှုန်း တိုးတက်ရရှိစေရေး ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားကဏ္ဍတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များမွေးမြူနိုင်ရေးအတွက် ပြည်တွင်းပြည်ပ အရင်းအနှီးနှင့် နည်းပညာများ ရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားမည်။

(၂) နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေး အတွက် တိရစ္ဆာန် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၃) ဌာနပိုင် အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ် သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားမည်။

(၄) ဌာန၊ ပုဂ္ဂလိက ပျားစခန်းများ တိုးပွားရေးနှင့် ပျားအုံများကို စစ်ဆေးကြပ်မတ်ရေး ဆောင်ရွက်သွားမည်။

(၅) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပျားရည်တင်ပို့မှု တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်။

(၆) အင်းများတွင် ငါးမျိုးများချန်လှပ်၍ ဖမ်းဆီးရေးကိုအခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှု တိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှု လုပ်ငန်းအား တိုးချဲ့ဆောင်ရွက်သွားမည်။

(၇) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ သားငါးတိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားမည်။

(၈) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင် ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစု အဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက်သွား မည်။

၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီ ဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်း ပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့် နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန် ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ရန် ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန် ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန် ဖြစ်သည်။

(၅) ကျေးလက်ပြည်သူများ၏ အခြေခံ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန် ဖြစ်သည်။

(၆) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန် ဖြစ်သည်။

(၇) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် ဖြစ်သည်။

(၈) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်သွားရန် ဖြစ်သည်။

(၉) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက် ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲစေရန်ဖြစ်သည်။

(၁၀) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည်။

(၁၁) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

(၁၂) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုသက်သာစေသော သစ်ထုတ် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

(၁၃) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများ၊ တွဲဖက်ထုတ်လုပ်ရန်ဖြစ်သည်။

(၁၄) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(၁၅) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်လာစေရန် ဆောင်ရွက်ရန်ဖြစ်သည်။

၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှု ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်း ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး ဝင်ငွေတိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့်လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်မည်။

(၃) ပြည်နယ်အတွင်း ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေး နိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်မည်။

(၄) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာစားသုံးနိုင်သည်အထိ ထုတ်လုပ်မှုကို အရည်အသွေး ပြည့်မီအောင် စစ်ဆေးကြပ်မတ် ဖော်ဆောင်သွားမည်။

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်မည်။

(၂) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်းတူးဖော်ရေး လုပ်ငန်းများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်မည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်မည်။

၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ပိုမိုတိုးတက် လာရေးဆောင်ရွက်ရန်နှင့် စွမ်းအင်များကို အကျိုးရှိ ထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်သွားရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၅) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

(ခ) ရည်မှန်းချက်မှာ စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးခြင်း နည်းလမ်းများကို ကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းခြင်း လျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှု နည်းပါးရေးအတွက် စနစ်တကျ စီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေး တိုးမြှင့်ဆောင်ရွက်မည်။

(၄) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားမည်။

၁၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဉ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက် ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသောအရပ်ဒေသများတွင် အသေးစား၊ အလတ်စားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော သတ်မှတ်ဗို့အားနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

( ခ ) ရည်မှန်းချက်မှာ ပဉ္စမငါးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၁၃၂ ကေဗွီ ဓာတ်အားလိုင်း (၁) လိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄) လိုင်း စုစုပေါင်းဓာတ်အား (၅) လိုင်း တည်ဆောက်သွားမည်၊

(၂) ၁၂၃ ကေဗွီ ပင်မဓာတ်အားခွဲရုံ (၁) ရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ (၅) ရုံ စုစုပေါင်းဓာတ်အားခွဲရုံ (၆) ရုံ တည်ဆောက်သွားမည်။

၁၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ရန် ဆောင်ရွက်ရေး၊

(၂) ဧရာဝတီမြစ်ကူးတံတားကြီး (၁) စင်းနှင့် အခြား အရေးကြီးသော ပေ (၁၈၀) အထက်မြစ်ကူးတံတား (၂) စင်း ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံတစ်ဝန်းမြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများကို စီမံခန့်ခွဲပြီး ကချင်ပြည်နယ်ရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများစနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်း အကျယ် (၂၄) ပေ၊ (၂) လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်းကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည်။

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်း အကျယ် (၁၂) ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်း အကျယ် (၂၄) ပေ အမြဲတမ်း ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်မည်။

(၃) တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေးဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်လမ်းများနှင့် ဆောင်ရွက်ဆဲ လမ်းသစ် (၃၉) လမ်းအား ဆက်လက်ဆောင်ရွက်မည်။

(၂) ပေ (၁၈၀) အထက် အမြဲတမ်း ကွန်ကရစ်တံတားကြီး/ငယ် စုစုပေါင်း တံတား (၂) စင်း၊ ပေ (၁၀၀) မှ ပေ (၁၈၀) အောက် (၂) စင်း၊ ပေ (၅၀) မှ ပေ (၁၀၀) အောက် (၅) စင်း၊ ပေ (၅၀) အောက် တံတား (၂၃) စင်း ဆောင်ရွက်မည်။

(၃) မြစ်ကြီးနား၊ ဗန်းမော်မြို့ကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု လျှော့နည်းပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ခြင်းများအား နည်းပညာ အကူအညီ ရယူဆောင်ရွက်မည်။

၁၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) လေကြောင်းလိုင်းများ၊ လေဆိပ်များအား ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရေး ဆောင်ရွက်ရေး၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၄) အမျိုးသားမီးရထား ပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၅) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၆) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ်အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်မည်။

(၂) ပြည်နယ်အတွက် နှစ်စဉ် အသားတင် ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သင်္ဘောအရေအတွက် တိုးတက်လာရေးအတွက် လိုအပ်သောစစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန်ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်

သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်မည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်း လုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် မြစ်ကွေ့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့် ယန္တရားများ ကြံ့ခိုင်စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေကြောင်းကဏ္ဍတွင် လေဆိပ်နှင့် လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၄) မိုးလေဝသလုပ်ငန်းနှင့်ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများ ဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးစခန်းအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်း၊ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို နှစ်အလိုက် ဆောင်ရွက်သွားမည်။

(၅) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်။

(၆) ယာဉ်များ စနစ်တကျ စစ်ဆေးနိုင်ရန် ခေတ်မီစက်ကိရိယာများ ထပ်မံဖြည့်တင်းမည်။

၁၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကာလတိုငါးနှစ် (၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်) စီမံကိန်း၏ ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်/ကြေးနန်းဆိုင်ရာဥပဒေများအား ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင်ရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၁၇ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၇. ၄ ရာခိုင်နှုန်းဖြစ်ပေါ်စေရန် ဆောင်ရွက်မည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားပြီး တိုးတက်စေရန် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ် (၂) ရုံး ဖွင့်လှစ်မည်။

(၂) ကြေးနန်းရုံးများ၌ ဖက်စ်ပို့သည့်လုပ်ငန်း အသစ်တိုးချဲ့ဆောင်ရွက်သွားမည်။

(၃) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း စုစုပေါင်းလုံးရေ (၆၂၃၈) လုံး တပ်ဆင်ပေးရန် လျာထားသည်။

(၄) သတင်းနှင့်အချက်အလက် စုံစမ်းရေးဗဟိုဌာနတစ်ခုကို ပုဂ္ဂလိကနှင့် ပူးပေါင်းဖွင့်လှစ် ဆောင်ရွက်မည်။

(၅) မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ခြင်း၊ လိုင်းတိုးချဲ့ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်မည်။

၁၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရန် ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးကဏ္ဍအား တိုးတက်လာစေရန် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မည်။

(၃) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်း ရှာဖွေ ဆောင်ရွက်မည်။

(၄) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၅) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၆) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ချေးငွေထုတ်ချေးရေးကို ဆောင်ရွက်မည်။

(၇) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့ အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ ပြည်နယ်အသေးစား ငွေရေးကြေးရေးလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

၁၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ခွင့်ရရှိရေး၊

(၂) ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(၅) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(၆) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊

(၇) မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ရည်မှန်းချက်မှာ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံ နှစ်ထက် ၁၈. ၄ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်မှာ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မူဝါဒများအရ စီမံကိန်းကာလအတွင်း ပြည်နယ်အတွင်းဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများဖြင့် ရည်မှန်းချက်များ ပြည့်မီစွာ ဆောင်ရွက်သွားမည်။

၁၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုကိုလည်း လိုက်လျောညီထွေ တိုးတက်လာစေရန် ဆောင်ရွက်မည်။

(ခ) ရည်မှန်းချက်မှာ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၁၂.၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်သည့် ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံ၍ စီမံကိန်းရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်မည်။

၁၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်။

(ခ) ရည်မှန်းချက်မှာ ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ကုန်သွယ်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၅.၃ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအပေါ် အခြေခံ၍ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

## အခန်း (၅)
## အထွေထွေ

၁၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၁၉။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

**ကချင်ပြည်နယ်၏**
**၂၀၁၁ - ၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၀-၂၀၁၁ ခုနှစ် | | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၄၆၄၂၅၉. ၇ | ၄၅. ၁ | ၄၆၉၄၇၀. ၇ | ၄၃. ၄ | ၁. ၁ |
| ၂ | စက်မှု | ၂၃၄၂၈၁. ၇ | ၂၂. ၇ | ၂၅၃၃၁၈. ၉ | ၂၃. ၅ | ၈. ၁ |
| ၃ | ဝန်ဆောင်မှု | ၃၃၁၂၉၇. ၉ | ၃၂. ၂ | ၃၅၇၃၃၃. ၄ | ၃၃. ၁ | ၇. ၉ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၀၂၉၈၃၉. ၃ | ၁၀၀. ၀ | ၁၀၈၀၁၂၃. ၀ | ၁၀၀. ၀ | ၄. ၉ |

## ကချင်ပြည်နယ်၏
## ၂၀၁၁ - ၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ခုနှစ် | | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၄၆၄၂၅၉. ၇** | **၄၅. ၁** | **၄၆၉၄၇၀. ၇** | **၄၃. ၄** | **၁. ၁** |
| | ၁ | လယ်ယာ | ၃၆၅၅၁၆. ၂ | ၃၅. ၅ | ၃၆၆၁၄၇. ၉ | ၃၃. ၉ | ၀. ၂ |
| | ၂ | သားငါး | ၇၈၇၈၃. ၉ | ၇. ၇ | ၈၂၆၈၀. ၂ | ၇. ၆ | ၄. ၉ |
| | ၃ | သစ်တော | ၁၉၉၅၉. ၆ | ၁. ၉ | ၂၀၆၄၂. ၆ | ၁. ၉ | ၃. ၄ |
| **၂** | | **စက်မှုလက်မှုကဏ္ဍကြီး** | **၂၃၄၂၈၁. ၇** | **၂၂. ၇** | **၂၅၃၃၁၈. ၉** | **၂၃. ၅** | **၈. ၁** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၅၂၀. ၂ | ၆. ၉ | ၆၇၉၁၁. ၇ | ၆. ၃ | -၅. ၀ |
| | ၃ | စက်မှုလက်မှု | ၉၆၉၂၃. ၂ | ၉. ၄ | ၁၀၇၅၇၃. ၃ | ၁၀. ၀ | ၁၁. ၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၈၃၂. ၂ | ၀. ၃ | ၁၁၇၄၅. ၃ | ၁. ၁ | ၃၁၄. ၇ |
| | ၅ | ဆောက်လုပ်မှု | ၆၃၀၀၆. ၁ | ၆. ၁ | ၆၆၀၈၈. ၆ | ၆. ၁ | ၄. ၉ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၃၁၂၉၇. ၉** | **၃၂. ၂** | **၃၅၇၃၃၃. ၄** | **၃၃. ၁** | **၇. ၉** |
| | ၁ | ပို့ဆောင်ရေး | ၅၈၁၄၆. ၉ | ၅. ၇ | ၆၅၅၈၄. ၃ | ၆. ၁ | ၁၂. ၈ |
| | ၂ | ဆက်သွယ်ရေး | ၉၆၆၂. ၆ | ၀. ၉ | ၁၁၃၃၉. ၂ | ၁. ၁ | ၁၇. ၄ |
| | ၃ | ငွေရေးကြေးရေး | ၃၄၂. ၆ | ၀. ၀၃ | ၅၁၈. ၄ | ၀. ၀၄ | ၅၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁၃၂၈. ၃ | ၁. ၁ | ၁၃၄၀၈. ၈ | ၁. ၂ | ၁၈. ၄ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၉၄၈၂. ၄ | ၁. ၉ | ၂၁၈၃၃. ၈ | ၂. ၀ | ၁၂. ၁ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၃၂၃၃၅. ၁ | ၂၂. ၆ | ၂၄၄၆၄၈. ၉ | ၂၂. ၇ | ၅. ၃ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၀၂၉၈၃၉. ၃** | **၁၀၀. ၀** | **၁၀၈၀၁၂၃. ၀** | **၁၀၀. ၀** | **၄. ၉** |

## ကချင်ပြည်နယ်၏
## ၂၀၁၁ - ၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ခုနှစ် တန်ဖိုး | ၂၀၁၀-၂၀၁၁ ခုနှစ် ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တန်ဖိုး | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၉၈၅၄၁.၄** | **၆၇.၈** | **၇၂၂၇၈၉.၆** | **၆၆.၉** | **၃.၅** |
| | ၁ | လယ်ယာ | ၃၆၅၅၁၆.၂ | ၃၅.၅ | ၃၆၆၁၄၇.၉ | ၃၃.၉ | ၀.၂ |
| | ၂ | သားငါး | ၇၈၇၈၃.၉ | ၇.၇ | ၈၂၆၈၀.၂ | ၇.၆ | ၄.၉ |
| | ၃ | သစ်တော | ၁၉၉၅၉.၆ | ၁.၉ | ၂၀၆၄၂.၆ | ၁.၉ | ၃.၄ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၅၂၀.၂ | ၆.၉ | ၆၇၉၁၁.၇ | ၆.၃ | -၅.၀ |
| | ၆ | စက်မှုလက်မှု | ၉၆၉၂၃.၂ | ၉.၄ | ၁၀၇၅၇၃.၃ | ၁၀.၀ | ၁၁.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၈၃၂.၂ | ၀.၃ | ၁၁၇၄၅.၃ | ၁.၁ | ၃၁၄.၇ |
| | ၈ | ဆောက်လုပ်မှု | ၆၃၀၀၆.၁ | ၆.၁ | ၆၆၀၈၈.၆ | ၆.၁ | ၄.၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၈၉၆၂.၈** | **၉.၆** | **၁၁၂၆၈၄.၅** | **၁၀.၄** | **၁၃.၉** |
| | ၁ | ပို့ဆောင်ရေး | ၅၈၁၄၆.၉ | ၅.၇ | ၆၅၅၈၄.၃ | ၆.၁ | ၁၂.၈ |
| | ၂ | ဆက်သွယ်ရေး | ၉၆၆၂.၆ | ၀.၉ | ၁၁၃၃၉.၂ | ၁.၁ | ၁၇.၄ |
| | ၃ | ငွေရေးကြေးရေး | ၃၄၂.၆ | ၀.၀၃ | ၅၁၈.၄ | ၀.၀၄ | ၅၁.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁၃၂၈.၃ | ၁.၁ | ၁၃၄၀၈.၈ | ၁.၂ | ၁၈.၄ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၉၄၈၂.၄ | ၁.၉ | ၂၁၈၃၃.၈ | ၂.၀ | ၁၂.၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၃၂၃၃၅.၁** | **၂၂.၆** | **၂၄၄၆၄၈.၉** | **၂၂.၇** | **၅.၃** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၀၂၉၈၃၉.၃** | **၁၀၀.၀** | **၁၀၈၀၁၂၃.၀** | **၁၀၀.၀** | **၄.၉** |

**ကချင်ပြည်နယ်၏**
**၂၀၁၁ - ၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**Per Capita GDP**
**(နှစ်အလိုက် ဈေးနှုန်းအရ)**

(ကျပ်)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၀-၂၀၁၁ ခုနှစ် | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကချင်ပြည်နယ် | ၆၅၂၂၁၀ | ၇၆၆၃၃၄ | ၁၇. ၅ |

# ကချင်ပြည်နယ်လွှတ်တော်
# ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း
## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ်          )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း      ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ      ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ နှင့်အညီ ကချင်ပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၂ -၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကချင်ပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(င) **အခြေခံ**နှစ်ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။ ပဉ္စမကာလတို ငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဖြစ်သည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှု ရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်မည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၅. ၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀၆ ဆဖြစ်ပေါ်အောင် ဆောင်ရွက်ရန်။

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃. ၄ ရာခိုင်နှုန်းမှ ၄၁. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃. ၅ ရာခိုင်နှုန်းမှ ၂၄. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၃. ၁ ရာခိုင်နှုန်းမှ ၃၄. ၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရန်။

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁. ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈. ၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉. ၂ ရာခိုင်နှုန်းအသီးသီး တိုးတက်စေရန်။

(ဃ) ကုန်သွယ်မှုကဏ္ဍကြီးကို တိုးတက်မှုနှုန်းကို ၃. ၆ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

၅။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊
(၃) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို ပြည်နယ်တွင် တိုးချဲ့ဆောင်ရွက်ရန်၊

(၂) အဓိကစိုက်ပျိုးသီးနှံများတွင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၃) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ ဖော်ထုတ်သွားရန်၊

(၄) ဆည်မြောင်း တာတမံ (၃) ခုမှ အကျိုးပြုဧရိယာ ဧက (၁၀၄၈၆) ဆောင်ရွက်သွားရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၆) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားမည်။ ပြည်နယ်ဒေသတွင် ဧက (၁၀၀) စီ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားမည်။

(၃) တာလီရေလွှဲဆည်၊ တကွင်းရေလွှဲဆည်နှင့် ပေါင်းနက်ရေလှောင်တာတမံ စသည့်ဆည်မြောင်းတာတမံလုပ်ငန်း (၃) ခုမှ အကျိုးပြုဧရိယာဧက (၁၀၄၈၆) ရရှိအောင် ဆောင်ရွက်သွားမည်။

(၄) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်။

(၅) စိုက်ပျိုးစရိတ် ငွေကြေး ကျပ်သန်းပေါင်း (၇၀၀၀) ထုတ်ချေးပေးသွားမည်။

၆။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း၏ မူဝါဒနှင့်ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် (၂၀၁၂-၂၀၁၃) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပျားရည်ထုတ်လုပ်မှုကို ပထမနှစ်ထက် ၉.၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(၂) ငါးထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၁၀.၀ ရာခိုင်နှုန်း တိုးတက်ရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အရည်အသွေး ပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

(၅) ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်။

(၆) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက်သွားမည်။

(၇) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၈) စိုက်ပျိုးချိန် စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမည်။

၇။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်သွားရန်ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန် ဖြစ်သည်။

(၅) ကျေးလက်ပြည်သူများ၏ အခြေခံ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန်ဖြစ်သည်။

(၆) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်ဖြစ်သည်။ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၇) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားရန်ဖြစ်သည်။

(၈) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက် ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေရန်ဖြစ်သည်။

(၉) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၀) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၁) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၂) ရောင်းတန်းဝင် သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားရန်ဖြစ်သည်။

(၁၃) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၄) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် အခန်းတွင် သစ်အခြေခံ စက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

၈။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဝန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး ပြည်နယ်၏ဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေး နည်းလမ်းများရှာဖွေ ဆောင်ရွက်ရန်၊

(၄) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာ စားသုံးနိုင်သည်အထိ ထုတ်လုပ်မှုကို အရည်အသွေး ပြည့်မီအောင် စစ်ဆေးကြပ်မတ် ဖော်ဆောင်ရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက် စေရန် စီမံဆောင်ရွက်မည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်မည်။

(၅) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်မည်။

(၆) ပြည်နယ်အတွင်း သစ်တောပြုန်းတီးမှု မဖြစ်စေရေးအတွက် ကုန်းတွင်းပိုင်းနေလှန်းဆား ထုတ်လုပ်မည့် နည်းပညာများ ပံ့ပိုးပေးသွားမည်။

၉။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ပိုမိုတိုးတက် လာရေးဆောင်ရွက်ရန်နှင့်စွမ်းအင်များကို အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်သွားရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူ ချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်းအရည်အသွေး တိုးတက်လာရေးအတွက် စံချိန်စံညွှန်း ပြည့်မီလာအောင် နည်းလမ်းများ ချမှတ်မည်။

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအား အဆက်အစပ်မိမိဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်သွားမည်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားမည်။

၁၀။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဉ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အလတ်စား၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ ပဉ္စမကာလတိုငါးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၆၆ ကေဗွီအေ ဓာတ်အားလိုင်း (၂) လိုင်း ဆက်လက်တည်ဆောက်သွားမည်။

(၂) ၆၆ ကေဗွီအေ ဓာတ်အားခွဲရုံ (၂) ရုံ ဆက်လက်တည်ဆောက်သွားမည်။

၁၁။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ (၁၈၀) အထက် တံတား (၂) စင်း ဆက်လက်ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမွဲတေမှု လျော့နည်း ပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေး အတွက် ဘေးကင်းလုံခြုံ စိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေး အတွက် အဓိကထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်း အကျယ် (၂၄) ပေ၊ (၂) လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်းကွန်ကရစ် တံတားအဖြစ် တည်ဆောက်မည်။

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်း အကျယ် (၁၂) ပေ ကတ္တရာ လမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ အမြဲတမ်း တံတားများအဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

(၃) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်လမ်းများနှင့် ဆောင်ရွက်ဆဲ လမ်းသစ် (၄၄) လမ်းအား ဆက်လက်ဆောင်ရွက်မည်။

(၂) အမြဲတမ်း တံတားကြီးငယ် စုစုပေါင်း (၃၇) စင်း ဆောင်ရွက်မည်။

(၃) အိမ်ရာစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများဖြစ်စေရန် ဆောင်ရွက်မည်။

၁၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ဆောင်ရွက်ရေး၊

(၂) လေယာဉ်ကြီးများ ဆင်းတက်ပျံသန်းနိုင်ရန်အတွက် ခေတ်မီတိုးတက်သော လေဆိပ်များ တိုးချဲ့တည်ဆောက်သွားရန် ဖြစ်သည်၊

(၃) နိုင်ငံတော်တစ်ဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၄) ရထားပို့ဆောင်မှုစနစ် အရည်အသွေးမြှင့်တင်ရန် ဆောင်ရွက်ရေး၊

(၅) ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ် လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်သည်။

(၂) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပမာဏအား တိုးတက်မှုနှုန်း ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၃) ပြည်နယ်အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန် ဆောင်ရွက် သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို၊ ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြစ်ရေတင်စက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၂) လေဆိပ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများ၊ လေဆိပ် အဆောက်အအုံ တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ လာသော ရထားလမ်းပိုင်းများတွင် အဆောက်အအုံနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်း ဆောင်ရွက်မည်။

(၄) ကချင်ပြည်နယ် မိုးညှင်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးကို ဖွင့်လှစ် ဆောင်ရွက်မည်။

၁၃။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့်ဝန်ဆောင်မှု လုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် နိုင်ငံသားနှင့်နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၃) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်ရေးကဏ္ဍ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၂. ၄၄ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၄၄. ၁ ရာခိုင်နှုန်းဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့ တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ (၂၉၂၉၈) တိုးတက်စေရန်လည်းကောင်း ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်း ခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ အိတ်ချိန်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်မည်။

(၂) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်း အီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အား ပြည်နယ်ရှိ စာတိုက်ရုံးများတွင် စတင်ဆောင်ရွက်မည်။

(၃) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ် ရေဒီယိုကြေးနန်းစနစ်ကို ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အီးလ်တယ်လီဂရမ်ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၄) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းအမျိုးအစားအလိုက် လေ့ကျင့်သင်ကြားရေး အစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

၁၄။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရေး ဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသောငွေရေးကြေးရေးကဏ္ဍအား နိုင်ငံတကာအဆင့်အတန်းနှင့် အညီဖြစ်စေရေး ဆောင်ရွက်သွားရန်၊

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(၃) အီလက်ထရောနစ် ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေ လဲလှယ်နှုန်း ပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်၊

(၇) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၉) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ ပြည်နယ်အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ငွေကြေးစီးဆင်းမှုလွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်သည်။

(၂) ပုဂ္ဂလိကဘဏ်များတွင် ဝန်ဆောင်မှုအသစ်ဖြစ်သော အလိုအလျောက် ငွေထုတ်ကတ်နှင့် အကြွေးဝယ်ကတ်ဖြင့် ခေတ်မီဘဏ်လုပ်ငန်း အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်။

၁၅။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၄) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၅) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၆) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့်မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၂.၃ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မူဝါဒများအရ စီမံကိန်းကာလအတွင်း ပြည်နယ်အတွင်း ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများဖြင့် ရည်မှန်းချက်များ ပြည့်မီစွာ ဆောင်ရွက်သွားမည်။

၁၆။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကိုလည်း လိုက်လျောညီထွေ တိုးတက်လာစေရန် ဆောင်ရွက်မည်။

(ခ) ရည်မှန်းချက်မှာ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးကို အခြေခံနှစ်ထက် ၁၂.၅ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်းများ၏ ပိုမိုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံ၍ စီမံကိန်း ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်မည်။

၁၇။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ပို့ကုန်အမည်သစ်များ ရှာဖွေတင်ပို့ရေး၊

(၃) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ် တင်ပို့ရောင်းချရေး။

(ခ) ရည်မှန်းချက်မှာ ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ကုန်သွယ်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၃.၆ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအပေါ် အခြေခံ၍ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

## အခန်း (၅)

## အထွေထွေ

၁၈။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၁၉။ ကချင်ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

**ကချင်ပြည်နယ်၏**
**၂၀၁၂ - ၂၀၁၃ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)**

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၁-၂၀၁၂ ခုနှစ် | | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၄၆၉၄၇၀. ၇ | ၄၃. ၄ | ၄၇၇၃၇၅. ၃ | ၄၁. ၈ | ၁. ၇ |
| ၂ | စက်မှု | ၂၅၃၃၁၈. ၉ | ၂၃. ၅ | ၂၇၄၂၂၄. ၂ | ၂၄. ၀ | ၈. ၃ |
| ၃ | ဝန်ဆောင်မှု | ၃၅၇၃၃၃. ၄ | ၃၃. ၁ | ၃၉၀၁၂၃. ၇ | ၃၄. ၂ | ၉. ၂ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၀၈၀၁၂၃. ၀ | ၁၀၀. ၀ | ၁၁၄၁၇၂၃. ၂ | ၁၀၀. ၀ | ၅. ၇ |

**ကချင်ပြည်နယ်၏**
**၂၀၁၂ - ၂၀၁၃ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၁-၂၀၁၂ ခုနှစ် | | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၄၆၉၄၇၀. ၇** | **၄၃. ၄** | **၄၇၇၃၇၅. ၃** | **၄၁. ၈** | **၁. ၇** |
| | ၁ | လယ်ယာ | ၃၆၆၁၄၇. ၉ | ၃၃. ၉ | ၃၆၇၂၄၈. ၉ | ၃၂. ၂ | ၀. ၃ |
| | ၂ | သားငါး | ၈၂၆၈၀. ၂ | ၇. ၆ | ၈၉၄၀၃. ၁ | ၇. ၈ | ၈. ၁ |
| | ၃ | သစ်တော | ၂၀၆၄၂. ၆ | ၁. ၉ | ၂၀၇၂၃. ၃ | ၁. ၈ | ၀. ၄ |
| ၂ | | **စက်မှုလက်မှုကဏ္ဍကြီး** | **၂၅၃၃၁၈. ၉** | **၂၃. ၅** | **၂၇၄၂၂၄. ၂** | **၂၄. ၀** | **၈. ၃** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၇၉၁၁. ၇ | ၆. ၃ | ၇၂၃၅၆. ၆ | ၆. ၃ | ၆. ၅ |
| | ၃ | စက်မှုလက်မှု | ၁၀၇၅၇၃. ၃ | ၁၀. ၀ | ၁၂၀၂၈၂. ၆ | ၁၀. ၅ | ၁၁. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၁၇၄၅. ၃ | ၁. ၁ | ၁၂၀၃၂. ၅ | ၁. ၁ | ၂. ၄ |
| | ၅ | ဆောက်လုပ်မှု | ၆၆၀၈၈. ၆ | ၆. ၁ | ၆၉၅၅၂. ၅ | ၆. ၁ | ၅. ၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၅၇၃၃၃. ၄** | **၃၃. ၁** | **၃၉၀၁၂၃. ၇** | **၃၄. ၂** | **၉. ၂** |
| | ၁ | ပို့ဆောင်ရေး | ၆၅၅၈၄. ၃ | ၆. ၁ | ၇၀၁၄၂. ၇ | ၆. ၁ | ၇. ၀ |
| | ၂ | ဆက်သွယ်ရေး | ၁၁၃၃၉. ၂ | ၁. ၁ | ၂၇၆၇၈. ၆ | ၂. ၄ | ၁၄၄. ၁ |
| | ၃ | ငွေရေးကြေးရေး | ၅၁၈. ၄ | ၀. ၀၄ | ၅၇၁. ၀ | ၀. ၁ | ၁၀. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၄၀၈. ၈ | ၁. ၂ | ၁၃၇၁၂. ၁ | ၁. ၂ | ၂. ၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၁၈၃၃. ၈ | ၂. ၀ | ၂၄၅၆၃. ၀ | ၂. ၂ | ၁၂. ၅ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၄၄၆၄၈. ၉ | ၂၂. ၇ | ၂၅၃၄၅၆. ၃ | ၂၂. ၂ | ၃. ၆ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၀၈၀၁၂၃. ၀** | **၁၀၀. ၀** | **၁၁၄၁၇၂၃. ၂** | **၁၀၀. ၀** | **၅. ၇** |

## ကချင်ပြည်နယ်၏
## ၂၀၁၂ - ၂၀၁၃ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၁-၂၀၁၂ ခုနှစ် | | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၇၂၂၇၈၉. ၆** | **၆၆. ၉** | **၇၅၁၅၉၉. ၅** | **၆၅. ၈** | **၄. ၀** |
| | ၁ | လယ်ယာ | ၃၆၆၁၄၇. ၉ | ၃၃. ၉ | ၃၆၇၂၄၈. ၉ | ၃၂. ၂ | ၀. ၃ |
| | ၂ | သားငါး | ၈၂၆၈၀. ၂ | ၇. ၆ | ၈၉၄၀၃. ၁ | ၇. ၈ | ၈. ၁ |
| | ၃ | သစ်တော | ၂၀၆၄၂. ၆ | ၁. ၉ | ၂၀၇၂၃. ၃ | ၁. ၈ | ၀. ၄ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၇၉၁၁. ၇ | ၆. ၃ | ၇၂၃၅၆. ၆ | ၆. ၃ | ၆. ၅ |
| | ၆ | စက်မှုလက်မှု | ၁၀၇၅၇၃. ၃ | ၁၀. ၀ | ၁၂၀၂၈၂. ၆ | ၁၀. ၅ | ၁၁. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၁၇၄၅. ၃ | ၁. ၁ | ၁၂၀၃၂. ၅ | ၁. ၁ | ၂. ၄ |
| | ၈ | ဆောက်လုပ်မှု | ၆၆၀၈၈. ၆ | ၆. ၁ | ၆၉၅၅၂. ၅ | ၆. ၁ | ၅. ၂ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၂၆၈၄. ၅** | **၁၀. ၄** | **၁၃၆၆၆၇. ၄** | **၁၂. ၀** | **၂၁. ၃** |
| | ၁ | ပို့ဆောင်ရေး | ၆၅၅၈၄. ၃ | ၆. ၁ | ၇၀၁၄၂. ၇ | ၆. ၁ | ၇. ၀ |
| | ၂ | ဆက်သွယ်ရေး | ၁၁၃၃၉. ၂ | ၁. ၁ | ၂၇၆၇၈. ၆ | ၂. ၄ | ၁၄၄. ၁ |
| | ၃ | ငွေရေးကြေးရေး | ၅၁၈. ၄ | ၀. ၀၄ | ၅၇၁. ၀ | ၀. ၁ | ၁၀. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၄၀၈. ၈ | ၁. ၂ | ၁၃၇၁၂. ၁ | ၁. ၂ | ၂. ၃ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၁၈၃၃. ၈ | ၂. ၀ | ၂၄၅၆၃. ၀ | ၂. ၂ | ၁၂. ၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၄၄၆၄၈. ၉** | **၂၂. ၇** | **၂၅၃၄၅၆. ၃** | **၂၂. ၂** | **၃. ၆** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၀၈၀၁၂၃. ၀** | **၁၀၀. ၀** | **၁၁၄၁၇၂၃. ၂** | **၁၀၀. ၀** | **၅. ၇** |

## ကချင်ပြည်နယ်၏
## ၂၀၁၂ - ၂၀၁၃ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## Per Capita GDP
## (နှစ်အလိုက် ဈေးနှုန်းအရ)

(ကျပ်)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ ခုနှစ် | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကချင်ပြည်နယ် | ၇၆၆၃၃၄ | ၈၅၆၁၇၇ | ၁၁. ၇ |

# ၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၆ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌ အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁) တွင် ခွင့်ပြုထားသော သုံးငွေများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) လဂွန်ငန်ဆိုင်း
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁. ၈၃၉ | | | | | | |
| | | ပေါင်း | | ၁. ၈၃၉ | | | | | | |

# ကယားပြည်နယ်လွှတ်တော်
# ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း
## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ်            )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ကယားပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြည်နယ် အတိုင်းအတာ အရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ ၁၄ ခုကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ ၁၄ ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စု ဖွဲ့စည်း၍ သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊

စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများလည်း ပါဝင်သည်။

## အခန်း (၂)

## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုး ရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)

## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါစီမံကိန်း လျာထားချက်များ ထားရှိဆောင်ရွက်မည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၄. ၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံ နှစ်အပေါ် အဆအားဖြင့် ၁. ၀ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၈. ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၁၅. ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅. ၈ ရာခိုင်နှုန်းအသီးသီး ဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁. ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅. ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇. ၈ ရာခိုင်နှုန်း အသီးသီး တိုးတက် စေရန်၊

(ဃ) လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ

၅။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများမှန်ကန်ရေးကို အဓိကဦးတည်ဆောင်ရွက်ရန်၊

(၂) အထွက်ကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုသွားရန်၊

(၄) စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တို့တွင် ထုတ်လုပ်မှုစရိတ် လျော့နည်းပြီး ဝင်ငွေတိုးတက်အောင် ပညာပေး မြှင့်တင်ဆောင်ရွက်သွားရန်၊

(၅) သွင်းအားစုများ သုံးစွဲခြင်းအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းသက်သာစေရန်နှင့် ရာသီဥတု ပြောင်းလဲမှုကြောင့် ကြုံတွေ့လာနိုင်သည့် အခက်အခဲများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၆) စိုက်ပျိုးရေ ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးကို ဆောင်ရွက်သွားရန်၊

(၇) ထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ခိုင်မာသောဈေးကွက်ရရှိရေးကို ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့်လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး လုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်မည်။

(၂) အထွက်ကောင်းမျိုးစေ့များ သုံးစွဲနိုင်ရေးအတွက် စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းကို ၆၀၃ ဧက ဆောင်ရွက်သွားရန်၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ တင်း ၁၆၀၀၀ ဖြန့်ဖြူးသွားရန်နှင့် စပါးစပ်မျိုးထုတ်လုပ်ခြင်းကို ၄၀ ဧက ဆောင်ရွက်မည်။

(၃) ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အား စပါးအပါအဝင် အခြားသီးနှံများကိုလည်း ထိရောက်စွာအသုံးပြုရေးအတွက် စံပြကွက်များ ဖော်ထုတ်ပြသခြင်း၊ စိတ်ပါဝင်စားသူတောင်သူများအား စည်းရုံးစိုက်ပျိုးစေခြင်းနှင့် ပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်မည်။

(၄) ထုတ်လုပ်မှုစရိတ်လျော့နည်းပြီး စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်တို့တွင် ကိုင်တွယ်ထိန်းသိမ်းမှုလုပ်ငန်းများကို ပညာပေးမြှင့်တင်နိုင်ရန်အတွက် တောင်သူ ၇၅၀၀ ဦးအား သင်တန်းပေးခြင်း ၂၀ ကြိမ်၊ ဆွေးနွေးခြင်း ၁၂၀ ကြိမ်၊ ပြပွဲပြုလုပ်ပြသခြင်း ၃ ကြိမ်နှင့် လေ့လာရေးခရီးစဉ် ၅ ကြိမ် ဆောင်ရွက်မည်။

(၅) မျိုးစေ့များနှင့်သွင်းအားစုသုံးစွဲခြင်းစရိတ် လျော့နည်းစေရန် ဘောင်စနစ်ဖြင့် မျိုးစေ့ ၆ ပြည်အထိ လျှော့ချပျိုးထောင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ရာတွင် လုပ်ခသက်သာရန်၊ အလေအလွင့်နည်းစေရန် စက်ကိရိယာများသုံးစွဲခြင်းနှင့် သွင်းအားစုများကို အချိန်ကိုက်အချိုးကျသုံးစွဲရေးအတွက် ပညာပေးဆွေးနွေးခြင်းနှင့် လွှဲပြောင်းမှုကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်မည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံပျက်စီးမှု ကြုံတွေ့လာပါက စိုက်ပျိုးချိန်ရာသီနှင့်ကိုက်ညီသည့် တောင်သူများလိုအပ်သောမျိုးများ စုဆောင်းသယ်ယူဖြန့်ဖြူးခြင်းဆောင်ရွက်သွားမည်။

(၆) စိုက်ပျိုးရေ ထိရောက်စွာအသုံးပြုနိုင်ရန် ရေမြောင်းပြုပြင်ခြင်း၊ ဆည်ကန်များပြုပြင်ခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ရေထိန်းအဆောက်အဦများပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည့်ပြင် စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးစနစ်ကို ပညာပေးဆွေးနွေးခြင်းနှင့် စံပြကွက်များဖော်ထုတ်ပြသခြင်းဆောင်ရွက်မည်။

(၇) ပညာပေးသင်တန်းနှင့်ဆွေးနွေးပွဲများတွင် ဈေးကွက်သတင်းအချက်အလက်များ ထည့်သွင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ကျွမ်းကျင်သူများ ဆန်စက်လုပ်ငန်းရှင်များ

ဆန်စပါးကုန်သည်များနှင့်တောင်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပပေးခြင်း၊ ဈေးကွက်ဂျာနယ်၊ လယ်ယာစီးပွားဂျာနယ်တို့ကို ကျေးလက်စာကြည့်တိုက်အရောက် ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ခိုင်မာသောဈေးကွက်ရရှိရန် သီးနှံတစ်မျိုးတည်းကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်းကို ဆောင်ရွက်မည်။

၆။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) ငါးနှစ်စီမံကိန်း၏ မူဝါဒနှင့်ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ် ၂၀၁၁-၁၂ ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်ပါသည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုဆိုင်ရာ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊

(၂) ပြည်နယ်အတွင်း စားသုံးမှုဖူလုံ၍ ပိုလျှံသည်များကို ပြည်နယ်ပြင်ပနှင့်ပြည်ပသို့ တင်ပို့နိုင်ရန်၊

(၃) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရန် နည်းပညာများ ရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်မည်။

(၃) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပညာပေးခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ကြည့်စစ်ဆေးခြင်းနှင့် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၄) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်နိုင် ဟင်းစားမွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးအစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်းနှင့်ပေါင်းစည်းလယ်ယာများ တိုးတက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ မိသားစုအပိုဝင်ငွေ ရရှိစေရေးဆောင်ရွက်မည်။

၇။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

(၂) နိုင်ငံခြားဝင်ငွေရရှိရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျွန်းသစ်ကို ရေရှည်ပုံမှန်ထုတ်လုပ်နိုင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်ပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည်ဖြစ်ပါသည်။

(၂) သဘာဝတောများထိန်းသိမ်းကာကွယ်ရေးနှင့် ထင်းထုတ်ယူသုံးစွဲမှုကိုလျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးခြင်း၊ သစ်တောစိုက်ခင်းများ ထိန်းသိမ်းခြင်း၊ သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၄) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -

- နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းဖြစ်သော မော်ချီးသတ္တုတွင်းစီမံကိန်းနှင့်ပုဂ္ဂလိက ခနောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားခြင်းဖြင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို တိုးမြှင့်အောင်ဆောင်ရွက်သွားရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- စီမံကိန်းကာလအတွင်း ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာနှင့် ခနောက်စိမ်းထုတ်လုပ်မှုကို ပြည်နယ်၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများ၊ ဒေသ၏ ကုန်ထုတ်စွမ်းအားစုများ အပေါ် အခြေခံ၍ ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) သတ္တုလုပ်ကွက်အသစ်များ တိုးချဲ့ဖော်ထုတ်ဆောင်ရွက်မည်။

(၂) မော်ချီးသတ္တုတွင်းစီမံကိန်းတစ်ခုလုံး စွမ်းအားပြည့်ထုတ်လုပ်နိုင်ရန် လိုအပ်သော အမှတ် (၂) ဟိုက်ဒြို (၂၈၀-ကီလိုဝပ်) ဂျနေရေတာ (၂) လုံးနှင့် ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းမှုကို အစဉ်အမြဲကြီးကြပ်ဆောင်ရွက်မည်။

(၃) ယမ်းနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိအောင် စီစဉ်ဆောင်ရွက်မည်။

(၄) တောင်ပေါ်တောင်အောက် ဆက်သွယ်ထားသော သတ္တုတွင်းမော်တော်ကားလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ပြုပြင်ဆောင်ရွက်မည်။

(၅) လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ ကြံ့ခိုင်ရေးကို အစဉ်မပြတ်စစ်ဆေးကြည့်ရှုမည်။

(၆) ရေတင်စက်နှင့်ရေပိုက်လိုင်းများ ပုံမှန်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်မည်။

(၇) လုပ်ကွက်အတွင်းရှိ သတ္တုထုတ်လုပ်သည်ကျင်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ္တု ထုတ်လုပ်မှုပုံမှန်ဖြစ်စေရေးအတွက် ကုမ္ပဏီများနှင့် ပူးပေါင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်မည်။

(၈) တရားမဝင် သတ္တုသယ်ဆောင်ခြင်းကို ကာကွယ်တားဆီးရန် ကုမ္ပဏီများနှင့် ပူးပေါင်း ကြပ်မတ် စိစစ်ဆောင်ရွက်မည်။

၉။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှု များကို ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြင့်တင်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) လယ်ယာအထောက်အကူပြု စက်မှုလက်မှုလုပ်ငန်းများဖြစ်သည့် သီးနှံကြိတ်ခွဲရေးလုပ်ငန်း များကို တိုးချဲ့ဆောင်ရွက်သွားမည်။

(၂) ကျွန်းနှင့်သစ်မာ တိုးတက်ထုတ်လုပ်မှုအပေါ် အခြေခံ၍ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်မှ သစ်ခွဲသားများကို တိုးတက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်။

(၃) ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်ထုတ်လုပ်စေရန် တွန်းအားပေး ဆောင်ရွက် သွားမည်။

၁၀။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသများအထိ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို စဉ်ဆက်မပြတ် အပြည့်အဝ ဖြန့်ဖြူး နိုင်ရေး၊

(၂) လျှပ်စစ်ဓာတ်အား လုံလောက်မှုရရှိစေရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်မှုကို အဓိက အခြေခံတစ်ခုအနေဖြင့်ဆောင်ရွက်ပြီး ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်သွားရေး၊

(၃) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးရေး။

(ခ) ရည်မှန်းချက်မှာ -

- နှစ်စဉ် စီမံကိန်းပါရည်မှန်းချက်များကို တိုးတက်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ဓာတ်အားလေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် နည်းလမ်းများ ရှာကြံဆောင်ရွက်မည်။

(၂) ပြည်နယ်က စီမံခန့်ခွဲမှုရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်စပ်လျဉ်းပြီး ဓာတ်အားခနှုန်းထားများကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအပေါ် အခြေခံ၍ အခါ အားလျော်စွာ စိစစ်သတ်မှတ်မည်။

(၃) ဒီဇယ်ဆီ၊ မီးထိုးဆီများ အသုံးပြုရသည့် ဓာတ်အားပေးစက်များကို ဝေးလံခေါင်းပါးပြီး မဟာဓာတ်အားလိုင်းနှင့်လည်း အလှမ်းကွာသော ရေအားလျှပ်စစ်အကောင်အထည်မဖော် နိုင်သည့်ဒေသများတွင် ဦးစားပေးအသုံးပြုရန် ဆောင်ရွက်မည်။

၁၁။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

- နိုင်ငံတော်၏ ပြောင်းလဲလာသည့်စနစ်နှင့်အညီ ဆက်သွယ်မှုလမ်းကြောင်းများ ကျယ်ပြန့်လာ စေရန်နှင့် စီးပွားရေးဆက်သွယ်မှုတွင် အဓိကကုန်သွယ်လမ်းကြောင်းများ ဖြစ်ပေါ်စေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- ကယားပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးများအား ပိုမိုတိုးတက်ကောင်းမွန်လာ စေရန်အတွက် ပြည်နယ်အတွင်းရှိ လမ်းမကြီးများ၊ တံတားများအား တိုးချဲ့ဆောင်ရွက်သွား ရန်နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ကယားပြည်နယ်အတွင်းရှိ ပြည်နယ်လမ်းများဖြစ်သည့် ပြည်ထောင်စုလမ်းမကြီးများအား ပိုမို တိုးတက်ကောင်းမွန်လာစေရန် လက်ရှိ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် တံတားကြီးငယ်များကို အမြဲတမ်းတံတားအဖြစ် တည်ဆောက် သွားမည်ဖြစ်ပါသည်။

(၂) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမာခံလမ်းမှ ကျောက်ချောလမ်းသို့ ၁ မိုင်၊ ၄ ဖာလုံ၊ အမာခံလမ်းမှ ကတ္တရာလမ်းသို့ ၁ မိုင်၊ ၄ ဖာလုံ၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ ၁ မိုင်၊ ၇ ဖာလုံသို့ တိုးမြှင့်ဆောက်လုပ်ခြင်းနှင့် တံတားအနေဖြင့် သစ်သားတံတား ၃၃ စင်း၊ ကွန်ကရစ်တံတား ၂ စင်း၊ သံကူကွန်ကရစ်နှင့်သစ်သားတံတား ၃၃ စင်း ဆောက်လုပ်မည်ဖြစ်ပါသည်။

(၃) မြို့တွင်းလမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ မြို့နယ်နှင့်ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာ အချင်းချင်း ဆက်သွယ်သည့်လမ်းများအား ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။

(၄) အိမ်ရာများ စနစ်တကျ တိုးတက်ရေး၊ နေထိုင်မှုအဆင့်အတန်းမြင့်မားလာစေရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများဖြစ်စေရန် ဆောင်ရွက်သွားမည်။

၁၂။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေဆိပ်ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များအစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အအုံများကိုလည်း လိုက်လျောညီထွေ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၃) ရထားပို့ဆောင်မှုစနစ်တွင်ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည် အသွေးမြှင့်တင်ပြီး ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာစေရေး ဆောင်ရွက်ရန်၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံပိုင် မြန်မာ့လေကြောင်း၊ မြန်မာ့မီးရထားလုပ်ငန်းနှင့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ၏ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ရည်မှန်းချက်ထက် တိုးတက်မှုပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၂) ပြည်သူများ ပြည်နယ်တွင်းနှင့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ နိုင်ငံတစ်ဝန်း ခရီး သွားလာမှုလွယ်ကူစေရန်လည်းကောင်း၊ ဒေသတွင်းရှိ ထွက်ရှိသည့်ကုန်စည်များကို အခြား ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကုန်သွယ်စီးပွားရေးအတွက် သယ်ပို့ရာတွင်လည်းကောင်း၊ အခြားပြည်နယ်တိုင်းများမှ ဒေသအတွက် လိုအပ်သည့်ကုန်စည်များ သယ်ယူရာတွင် လည်းကောင်း အဆင်ပြေချောမွေ့စေရေးကို ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) မြန်မာ့မီးရထားလုပ်ငန်း၏ ပို့ဆောင်မှုအပိုင်းတွင် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့် လှိုင်ကော်၊ လိပ်သို၊ ယာဒို၊ တောင်ငူ မီးရထားလမ်းသစ်များ ဖောက်လုပ်ခြင်းများကို ဆောင်ရွက်မည်။

(၂) ရထားလမ်းဟောင်းများအား ဇလီဖားကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်းနှင့်တိုးချဲ့ လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များကို ဖြည့်တင်း ဆောင်ရွက်မည်။

(၃) လေကြောင်းကဏ္ဍတွင် လေဆိပ်နှင့် လေယာဉ်ပြေးလမ်းများ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ၊ လေဆိပ်ပိုမိုတိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်။

(၄) ပုဂ္ဂလိကပိုင် ခရီးသည်တင်ယာဉ်၊ ကုန်တင်မော်တော်ယာဉ်များနှင့် အနေ့ယာဉ်များ ပိုမို တိုးတက်ပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်မည်။

(၅) ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ထားသော အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံရရှိပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်မည်။

၁၃။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍ ကိုလည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရန်၊

(၂) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဆက်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊

(၃) အဓိကဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းများနှင့်ဆက်သွယ် ပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်လူမှုစီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု နိုင်စေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို နှစ်ကုန်ခန့်မှန်းစာရင်းအရ အခြေခံနှစ်ထက် ၁၁၉. ၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၂) ဆက်သွယ်မှုလွယ်ကူစေရန် တယ်လီဖုန်းများကို တိုးမြှင့်ချထားတပ်ဆင်ပေးနိုင်ရန် ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) စာတိုက်၊ ကြေးနန်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်သွားမည်။

(၂) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်း ၂၀၅ လုံးနှင့် မိုဘိုင်းတယ်လီဖုန်း ၆၉၅ လုံး တပ်ဆင်ပေးရန် လျာထားသည်။

(၃) မိုဘိုင်းတယ်လီဖုန်းလိုင်း ၄ သန်း တိုးမြှင့်ဆောင်ရွက်ရေးစီမံကိန်းအရ ကယားပြည်နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားနိုင်ရန် ကြိုတင် ပြင်ဆင်မှုများ လုပ်ဆောင်မည်။

၁၄။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ပိုင်ဆိုင်မှုအလိုက် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် ငွေစုငွေချေးအသင်းများ၏ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သက်ဆိုင်ရာဘဏ်များအလိုက် လုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရေးအတွက် အတိုးငွေများ အပြည့်အဝပြန်လည်ကောက်ခံရေးနှင့် နိုင်ငံတော်စီးပွားရေးမူဝါဒနှင့်အညီ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်ရေး၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရေး။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(၂) ချေးငွေများ အချိန်မီ စနစ်တကျထုတ်ချေးရေးနှင့် သတ်မှတ်ကာလအတွင်း အပြည့်အဝပြန်လည်ကောက်ခံရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ ပိုမိုတိုးတက်လာစေရန်နှင့် အကျိုးသက်ရောက်မှုရှိမည့် အခြားအာမခံလုပ်ငန်းအမျိုးအစားများကို တိုးချဲ့ဆောင်ရွက်မည်။

(၄) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ချေးငွေထုတ်ချေးရေးကို ဆောင်ရွက်မည်။

(၅) မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့် သမဝါယမ ငွေစုငွေချေး အသင်းများမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရေးအတွက် ဆောင်ရွက်မည်။

၁၅။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊

(၂) စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၁၂.၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မူဝါဒများအရ စီမံကိန်းကာလအတွင်း ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများဖြင့် ရည်မှန်းချက်များပြည့်မီစေရန် ဆောင်ရွက်မည်။

၁၆။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍကိုလည်း လိုက်လျောညီထွေ တိုးတက်လာစေရန် ဆောင်ရွက်မည်။

(ခ) ရည်မှန်းချက်မှာ ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၁၅. ၂ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမှ ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ပိုမိုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံ၍ စီမံကိန်း ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်မည်။

၁၇။ ၂၀၁၁-၁၂ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ၏ ပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက် ပေးမည်။

(ခ) ရည်မှန်းချက်မှာ ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ကုန်သွယ်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၂. ၂ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအပေါ် အခြေခံ၍ ကုန်သွယ်မှုကဏ္ဍ၏ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

## အခန်း (၅)

## အထွေထွေ

၁၈။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၁၉။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့်ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ လိုအပ် သော အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည်။

# ကယားပြည်နယ်လွှတ်တော်
# ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း
# ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ကယားပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ကာလတစ်ရပ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ ၁၄ ခုကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ ၁၄ ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စု ဖွဲ့စည်း၍ သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊

သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့်တွင်းထွက် ပစ္စည်း စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများလည်း ပါဝင်သည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့်အရင်းအနှီးနှင့် ကုန်ကြမ်းများကို တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊

(၂) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုများရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေး၊

(၃) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါစီမံကိန်း လျာထားချက်များ ထားရှိဆောင်ရွက်ပါမည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၄. ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံ နှစ်အပေါ် အဆအားဖြင့် ၁. ၀ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇. ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၅. ၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆. ၄ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂. ၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇. ၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၆. ၂ ရာခိုင်နှုန်းအသီးသီး တိုးတက်စေရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းကို ၂. ၇ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ

၅။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများမှန်ကန်ရေးကို အဓိကဦးတည်ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) အခြား အဓိကစိုက်ပျိုးသီးနှံများကိုလည်း အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲ စိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၆) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့်လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်။

(၂) စပ်မျိုးစပါးမျိုးစေ့ကို ၄၀ ဧက စိုက်ပျိုးထုတ်လုပ်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်၊ နွေစပါး စိုက်ပျိုးရေးတွင် ဖြန့်ဖြူးစိုက်ပျိုးသွားမည်။

(၃) ဆည်၊ ကန်၊ ရေလှောင်တမံ ၃၂ ခုကို ထိန်းသိမ်းထားရှိပြီး အကျိုးပြုဧရိယာ ၄၄၇၇၁ ဧကတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးဆောင်ရွက်မည်။

(၄) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်။

(၅) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို စပါးနှင့်အခြားသီးနှံများတွင် ထိရောက်စွာ အသုံးပြုရေးအတွက် စံပြကွက်များ ဖော်ထုတ်ပြသခြင်း၊ စိတ်ပါဝင်စားသူ တောင်သူများအား စည်းရုံးစိုက်ပျိုးစေခြင်းနှင့် ပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်မည်။

(၆) စိုက်ပျိုးစရိတ်ငွေ ကျပ်သန်းပေါင်း ၁၁၃၀ ထုတ်ချေးပေး၍ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်။

၆။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) ငါးနှစ်စီမံကိန်း၏ မူဝါဒနှင့်ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် ၂၀၁၁-၂၀၁၂ ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်ပါသည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားထုတ်လုပ်မှုကို တိုးတက်မှုနှုန်း ၈.၆ ရာခိုင်နှုန်း၊ ဥထုတ်လုပ်မှုကို တိုးတက်မှုနှုန်း ၈.၀ ရာခိုင်နှုန်းနှင့် ပျားရည်ထုတ်လုပ်မှုကို တိုးတက်မှုနှုန်း ၂၆.၂ ရာခိုင်နှုန်းအသီးသီး တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(၂) ငါးထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၃.၅ ရာခိုင်နှုန်းတိုးတက်ရရှိရန် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူထုတ်လုပ်မှုတိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်သွားမည်။

(၂) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

(၃) ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို စံချိန်စံညွှန်းနှင့်အညီထုတ်လုပ်ပြီး ဈေးကွက် ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည်။

(၄) ငါးထုတ်လုပ်မှုကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၅) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်နိုင် ဟင်းစားမွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေး အစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်စည်းလယ်ယာများ တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေပြည်သူများ မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက်မည်။

၇။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင် ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေး၊ ကျေးလက်နေပြည်သူ တို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲ နိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးရေးနှင့် သစ်တော ကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်မှာ -

(၁) သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

(၂) ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၃) သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းသွားမည်ဖြစ်သည်။

(၄) ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာများ တိုးမြှင့် သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

(၅) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၆) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည်ဖြစ်သည်။

(၇) အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲ စေမည်ဖြစ်သည်။

(၈) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန် အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၉) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၀) ပုဂ္ဂလိကသစ်စက်များအတွက် လိုအပ်သောသစ်လုံးနှင့်ခွဲသားကုန်ကြမ်းများ ရောင်းချပေးသွားမည်ဖြစ်သည်။

(၁၁) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများ၊ ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားမည်ဖြစ်သည်။

၈။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခေတ်မီနည်းပညာများကို အသုံးပြုပြီး အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးကို ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့်တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်သော သတ္တုထုတ်လုပ်သူများ ပိုမိုတိုးပွားလာရေးကို အားပေးဆောင်ရွက်ရေး၊

(၃) သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေးကို အလေးထားဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်မှာ -

(၁) သတ္တုကဏ္ဍ၏ နှစ်စဉ် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် ပိုမိုရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေတိုးတက်စေရေးကို အထောက်အကူပြုဆောင်ရွက်မည်။

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဖက်စပ်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့တူးဖော်နိုင်ရေးကို ဆောင်ရွက်မည်။

(၂) သတ္တုများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက်စေရန် စီမံဆောင်ရွက်မည်။

(၃) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်းများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်စီမံ ကွပ်ကဲဆောင်ရွက်မည်။

(၄) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ အပြည့်အဝရရှိရေးအတွက် တွန်းအားပေးဆောင်ရွက်မည်။

၉။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး၊

(၂) ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး ပိုမိုမြှင့်တင်ရေး၊

(၂) ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းရှင်များနှင့် စဉ်ဆက်မပြတ် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၂) စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့တည်ဆောက်နိုင်ရန် ဆောင်ရွက်မည်။

(၃) စက်မှုလက်မှုထုတ်ကုန်ပစ္စည်းအရည်အသွေး တိုးတက်လာရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို ဆောင်ရွက်မည်။

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးမည်။

၁၀။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင် သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးကူညီပေးရေး၊

(၂) ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးနှင့် ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၃) ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ နှစ်စဉ် စီမံကိန်းပါရည်မှန်းချက်များကို ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်အင်အားကို ဆည်မြောင်းတာတမံကြီးများနှင့်တွဲဖက်၍လည်းကောင်း၊ သီးခြားအစီအစဉ်ဖြင့်လည်းကောင်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၂) ဖြစ်နိုင်စွမ်းအားအခြေအနေအပေါ် မူတည်၍ အကြီးစားရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) ဓာတ်အားလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် လိုအပ်သောနည်းလမ်းများကို ရှာကြံဆောင်ရွက်မည်။

(၄) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်စပ်လျဉ်း၍ ဓာတ်အားခနွန်းထားများကို ဓာတ်အားများ ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအပေါ် အခြေခံ၍ အခါအားလျော်စွာ စိစစ်သတ်မှတ်မည်။

(၅) ဒီဇယ်ဆီ၊ မီးထိုးဆီများအသုံးပြုရသည့် ဓာတ်အားပေးစက်များကို ဝေးလံခေါင်းပါးပြီး မဟာဓာတ်အားလိုင်းနှင့်လည်း အလှမ်းကွာဝေးသော ရေအားလျှပ်စစ် အကောင်အထည်မဖော်နိုင်သည့်ဒေသများတွင် ဦးစားပေးအသုံးပြုရန် ဆောင်ရွက်မည်။

၁၁။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်ကောင်းမွန်စေရန် ပြည်ထောင်စုလမ်းမကြီးများ အဆင့်တိုးမြှင့်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ရန်၊

(၂) တံတားများ အဆင့်တိုးမြှင့်ရန်၊

(၃) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသောအိမ်ရာများ စနစ်တကျ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- ကယားပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးများအား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်နယ်အတွင်းရှိ လမ်းမကြီးများ၊ တံတားများအား တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မြို့ရွာနှင့်အိုးအိမ် ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ပြည်ထောင်စုလမ်းမကြီးများ အဆင့်တိုးမြှင့်လာစေရန် မြေလမ်း ၄ မိုင်၊ အမာခံလမ်း ၃ မိုင်၊ ကျောက်ချောလမ်း ၁ မိုင်၊ ၃ ဖာလုံ၊ စုစုပေါင်း ၈ မိုင်၊ ၃ ဖာလုံအား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) ဒေသအတွင်းရှိ ပြည်နယ်လမ်းများအား မြေလမ်း ၂ မိုင်၊ ၁ ဖာလုံ၊ အမာခံလမ်း ၄ မိုင်၊ ၄. ၅ ဖာလုံ၊ စုစုပေါင်း ၆ မိုင်၊ ၅ ဖာလုံအား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ရန်နှင့် အမာခံလမ်း ၁ မိုင်၊ ၃ ဖာလုံအား ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်သွားမည်ဖြစ်သည်။

(၃) ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သစ်သားတံတား ၁၇ စင်းအား သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့် တည်ဆောက်သွားမည်ဖြစ်သည်။

(၄) အိမ်ရာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများဖြစ်စေရန် ဆောင်ရွက်သွားမည်။

၁၂။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့်ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုး ဖြည့်တင်းဆောင်ရွက်ရန်၊

(၂) လေဆိပ် ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရန်၊

(၃) ရထားပို့ဆောင်မှုစနစ်တွင်ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်ပြီး ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာစေရေး ဆောင်ရွက်ရန်၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

(ခ) ရည်မှန်းချက်များမှာ -

(၁) မြန်မာ့မီးရထား၊ လေကြောင်းနှင့် ပုဂ္ဂလိကမော်တော်ယာဉ်များဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား နှစ်စဉ် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတိုးတက်နှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) နိုင်ငံတော်အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) လေဆိပ် ပိုမိုကောင်းမွန်တိုးတက်ရေးလုပ်ငန်း၊ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း၊ လေဆိပ်အဆောက်အအုံတိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်မည်။

(၂) ရထားလမ်းဟောင်းများကို ဇလီဖားနှင့်ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အအုံနှင့် အခြားလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်မည်။

(၃) မြန်မာ့မီးရထားလုပ်ငန်း၏ ပို့ဆောင်မှုအပိုင်းတွင် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်း၊ လှိုင်ကော်၊ လိပ်သို၊ ယာဒို၊ တောင်ငူမီးရထားလမ်းသစ်များ ဖောက်လုပ်ခြင်းများကို ဆောင်ရွက်မည်။

၁၃။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လုပ်သားပြည်သူများ လွယ်ကူစွာ ဆက်သွယ်နိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများ၏ အဓိကဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းများနှင့် ဆက်သွယ်ပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်၊

(၂) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၅၉ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၅၈. ၉ ရာခိုင်နှုန်းဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားရေး။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ်လိုင်း ၄ သန်း တိုးမြှင့်ဆောင်ရွက်ရေးစီမံကိန်းအရ ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဦးစားပေး အစီအစဉ်များအရ လောပိတနှင့်ရွှေညောင်ပင်ကုန်းကျေးရွာ၊ စက်မှုလက်မှု အထက်တန်း ကျောင်း၊ အမက ၄ မူလတန်းလွန်ကျောင်းနှင့် မင်္ဂလာရပ်တွင် မိုဘိုင်းတယ်လီဖုန်းတာဝါတိုင် တည်ဆောက်ရန်နှင့် ဒီမောဆိုမြို့နယ်တွင်လည်း မိုဘိုင်းတယ်လီဖုန်းတာဝါတိုင်တည်ဆောက် ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၂) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်း ၃၁၃ လုံးနှင့် မိုဘိုင်းတယ်လီဖုန်း ၂၃၈၃ လုံး တပ်ဆင်ပေးရန် လျာထားချက်အရ ဆောင်ရွက်သွားမည်။

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အား စတင် ဆောင်ရွက်မည်။

(၄) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် သင်တန်းများသို့ စေလွှတ်ပြီး လေ့ကျင့်သင်ကြားရေးကို ဆောင်ရွက်မည်။

၁၄။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအား ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်းကာလအတွင်း ငွေရေးကြေးရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်အပေါ် ၁.၀၈ ဆ ဖြစ်ပေါ်စေရန်နှင့် တိုးတက်မှုနှုန်း ၇.၇ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်သည်။

(၂) ပုဂ္ဂလိကပိုင်ဘဏ်များအနေဖြင့် နှစ်စဉ်အပ်ငွေ၊ ချေးငွေနှင့် ငွေလွှဲလုပ်ငန်းများအား ၆၀ ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည်။

(၃) နိုင်ငံခြားဘဏ်များနှင့်ဆက်သွယ်၍ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

(၄) ပုဂ္ဂလိကဘဏ်များတွင် ဝန်ဆောင်မှုအသစ်ဖြစ်သော အလိုအလျောက်ငွေထုတ်ကတ်နှင့် အကြွေးဝယ်ကတ်များဖြင့် ခေတ်မီဘဏ်လုပ်ငန်း အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၅) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စနစ်တကျ ဖွဲ့စည်း ပေါ်ပေါက်ရေးအတွက် လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်သည်။

၁၅။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၂) စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

- လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၂.၂ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်။

(ဂ) လုပ်ငန်းစဉ်မှာ -

- လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ မူဝါဒများအရ စီမံကိန်းကာလအတွင်း ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများဖြင့် ရည်မှန်းချက်များပြည့်မီစေရန် ဆောင်ရွက်သွားမည်။

၁၆။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငွေးရမ်းခနှင့် အခြား ဝန်ဆောင်မှုကဏ္ဍကိုလည်း လိုက်လျောညီထွေ တိုးတက်လာစေရန် ဆောင်ရွက်မည်။

(ခ) ရည်မှန်းချက်မှာ ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၁၅.၂ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမှ ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ပိုမိုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံ၍ စီမံကိန်း ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်မည်။

၁၇။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ၏ ပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက် ပေးမည်။

(ခ) ရည်မှန်းချက်မှာ ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ကုန်သွယ်မှုတန်ဖိုးကို အခြေခံနှစ်ထက် ၂.၇ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်မှာ စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအပေါ် အခြေခံ၍ ကုန်သွယ်မှုကဏ္ဍ၏ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

## အခန်း (၅)

## အထွေထွေ

၁၈။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

၁၉။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့်ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ လိုအပ်သော အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည်။

# ၂၀၁၂ ခုနှစ်၊ ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက် )

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့

## ကယားပြည်နယ် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် | ၂၃. ၁၅၃ | | | | | | |
| | ၁ | | ပြည်နယ်စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၃. ၁၅၃ | | | | | | |
| ၂ | | ၁၂ | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | | ၁၆၂. ၆၀၀ | | | |
| | ၁ | | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၁၆၂. ၆၀၀ | | | |
| ၃ | | ၁၃ | သမဝါယမ | ၎င်း | ၄. ၄၈၈ | | | | | | |
| | ၁ | | သမဝါယမဦးစီးဌာန | | ၄. ၄၈၈ | | | | | | |
| ၄ | | ၁၄ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး | ၎င်း | ၃. ၄၇၇ | | | | | | |
| | ၁ | | ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃. ၄၇၇ | | | | | | |
| ၅ | | ၁၆ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၆၀. ၃၀၇ | | | | | | |
| | | | ပေါင်း | | ၉၁. ၄၂၅ | | | ၁၆၂. ၆၀၀ | | | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်နယ်အစိုးရအဖွဲ့
# ချင်းပြည်နယ်

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း) တို့ကို တင်ပြခြင်း

၁။　၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အဆင့်ဌာန/အဖွဲ့အစည်းများမှ မူလခွင့်ပြုငွေဖြင့် မလုံလောက်သဖြင့် တင်ပြတောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေမှာ အောက်ပါအတိုင်း ကျပ် (၃၀. ၃၀၄) သန်း ဖြစ်ပါသည်။ [အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြအပ်ပါသည်။]

**တင်ပြတောင်းခံသည့် ဖြည့်စွက်ခွင့်ပြုငွေ**

(ကျပ်သန်းပေါင်း)

| ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|
| (က) ဗဟိုအဖွဲ့အစည်းများ | ၁. ၀၆၀ | - | - | ၁. ၀၆၀ |
| (ခ) ဝန်ကြီး/ဦးစီးဌာနများ | ၄. ၂၂၇ | - | - | ၄. ၂၂၇ |
| (ဂ) စည်ပင်သာယာရေးအဖွဲ့များ | ၂၀. ၃၄၁ | ၄. ၆၇၆ | - | ၂၅. ၀၁၇ |
| **ပေါင်း** | ၂၅. ၆၂၈ | ၄. ၆၇၆ | - | ၃၀. ၃၀၄ |

၂။　ပြည်နယ်အဆင့် ဌာန/အဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေများ တောင်းခံပြီးနောက် ဖြစ်ပေါ်လာမည့် ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ရငွေ၊ သုံးငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ [အသေးစိတ် စာရင်းကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြအပ်ပါသည်။]

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|
| (က) ရငွေ | ၃၁၂၃. ၉၈၈ | - | - | ၃၁၂၃. ၉၈၈ |
| (ခ) သုံးငွေ | ၉၇၂၆. ၇၈၉ | ၃၇၄. ၉၃၇ | - | ၁၀၁၀၁. ၇၂၆ |
| (ဂ) ပိုငွေ (+)/လိုငွေ (-) | (-)၆၆၀၂. ၈၀၁ | (-) ၃၇၄. ၉၃၇ | - | (-) ၆၉၇၇. ၇၃၈ |

၃။　အဆိုပါ ထပ်မံလိုငွေများကို ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ရန်ပုံငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခွင့်ပြုခြင်းဖြင့် လုံလောက်ခြင်းမရှိပါ၍ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ၁၄ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ပြည်နယ်လွှတ်တော်မှ ခွင့်ပြုချက်နှင့် အတည်ပြုချက်ပေးရန် လိုအပ်ပါသည်။ [ဥပဒေ ကောက်နုတ်ချက်ကို နောက်ဆက်တွဲ (ဂ) ဖြင့် တင်ပြအပ်ပါသည်။]

၄။　ချင်းပြည်နယ် ပြည်နယ်အဆင့်ဌာန/အဖွဲ့အစည်းများတွင် လိုငွေကျပ် (၆၉၇၇. ၇၃၈) သန်း ပေါ်ပေါက် သဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေပေးမည်ဖြစ်ပါသည်။

၅။　အပိုဒ် (၁) တွင် ဖော်ပြပါ ဖြည့်စွက်ခွင့်ပြုငွေ ကျပ် (၃၀. ၃၀၄) သန်းကို ခွင့်ပြုပေးရန် သဘောတူပါက ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ၁၄ (က) တို့နှင့်အညီ ပြည်နယ်

လွှတ်တော်မှ ခွင့်ပြုချက်နှင့် အတည်ပြုချက်ပေးရန်နှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးရန် လိုအပ်ပါမည်။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း) ကို ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ညှိနှိုင်းပြီးဖြစ်ပါသည်။ ယင်းဥပဒေ (မူကြမ်း) နှင့် ဥပဒေ (မူကြမ်း) အပေါ် ပြည်နယ်ဥပဒေချုပ်ရုံး၏ သုံးသပ်အကြံပြုချက်တို့ကို နောက်ဆက်တွဲ (ဃ) ဖြင့် တင်ပြအပ်ပါသည်။

**ဆုံးဖြတ်ရန်အချက်**

၆။ (က) အထက်အပိုဒ် (၁) ပါ နောက်ထပ်အသုံးစရိတ်လိုငွေ ကျပ် (၃၀. ၃၀၄) သန်းကို ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ၁၄ (က) တို့နှင့်အညီ ပြည်နယ်လွှတ်တော်မှ ခွင့်ပြုချက်နှင့်အတည်ပြုချက်ပေးရန် သဘော တူ - မတူ။

(ခ) သဘောတူပါက ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း) ကို အတည်ပြုပေးနိုင်ရေးငှာ ပြည်နယ်လွှတ်တော်မှ သဘော တူ - မတူ။

**ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်**

၇။ သဘောတူသင့်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်

**ချင်းပြည်နယ်လွှတ်တော်**

၈။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒအရ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဥက္ကဋ္ဌ
ပြည်နယ်လွှတ်တော်

**နောက်ဆက်တွဲ (က)**

## ချင်းပြည်နယ်၏
## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြချက်
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၁. ၀၆၀** | | | **၁. ၀၆၀** |
| | | တရားရုံးများ | ၁. ၀၆၀ | | | ၁. ၀၆၀ |
| ၂ | | **ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ** | **၄. ၂၂၇** | | | **၄. ၂၂၇** |
| | ၁ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု** | **၄. ၂၂၇** | | | **၄. ၂၂၇** |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၄. ၂၂၇ | | | ၄. ၂၂၇ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၂၀. ၃၄၁** | **၄. ၆၇၆** | | **၂၅. ၀၁၇** |
| | | **ပေါင်း** | **၂၅. ၆၂၈** | **၄. ၆၇၆** | | **၃၀. ၃၀၄** |

၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်

**ချင်းပြည်နယ်၏ ရငွေ၊ သုံးငွေစာရင်း**

(စာရင်းချုပ်)

နောက်ဆက်တွဲ (ခ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဌာန/ အဖွဲ့အစည်းအမည် | ၂၀၁၁-၂၀၁၂ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | မူလခန့်မှန်းခြေ | | | ပြုပြင်ပြီးခန့်မှန်းခြေ | | |
| | | | ရငွေ | သုံးငွေ | ပိုငွေ(+)/လိုငွေ(-) | ရငွေ | သုံးငွေ | ပိုငွေ(+)/လိုငွေ(-) |
| ၁ | | ၂ | ၃ | ၄ | ၅ (၃-၄) | ၆ | ၇ | ၈ (၆-၇) |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၂.၀၂၉** | **၆၁၁.၀၀၂** | **-၆၀၈.၉၇၃** | **၁.၉၂၅** | **၆၁၂.၀၆၂** | **-၆၁၀.၁၃၇** |
| | ၁ | တရားရုံးများ | ၀.၈၈၇ | ၃၀၈.၉၇၀ | -၃၀၈.၀၈၃ | ၁.၂၂၄ | ၃၁၀.၀၃၀ | -၃၀၈.၈၀၆ |
| | ၂ | ဥပဒေရုံးများ | ၀.၁၂၀ | ၁၄၄.၃၀၃ | -၁၄၄.၁၈၃ | ၀.၁၀၀ | ၁၄၄.၃၀၃ | -၁၄၄.၂၀၃ |
| | ၃ | စာရင်းရုံးများ | ၁.၀၂၂ | ၁၅၇.၇၂၉ | -၁၅၆.၇၀၇ | ၀.၆၀၁ | ၁၅၇.၇၂၉ | -၁၅၇.၁၂၈ |
| ၂ | | **ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ** | **၈၈၆၆.၈၇၇** | **၁၄၉၅၆.၀၄၃** | **-၆၀၈၉.၁၆၆** | **၂၈၀၄.၁၅၂** | **၉၁၃၀.၂၅၇** | **-၆၃၂၆.၁၀၅** |
| | ၁ | **ပြည်ထဲရေး** | **၃၅.၀၆၃** | **၁၄၂၀.၆၉၄** | **-၁၃၈၅.၆၃၁** | **၃၅.၀၆၇** | **၁၄၀၁.၆၉၄** | **-၁၃၆၆.၆၂၇** |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၃၅.၀၄၀ | ၁၃၇၆.၅၁၇ | -၁၃၄၁.၄၇၇ | ၃၅.၀၄၄ | ၁၃၅၇.၅၁၇ | -၁၃၂၂.၄၇၃ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၂၃ | ၄၄.၁၇၇ | -၄၄.၁၅၄ | ၀.၀၂၃ | ၄၄.၁၇၇ | -၄၄.၁၅၄ |
| | ၂ | **ပြန်ကြားရေး** | **၀.၃၀၀** | **၁.၄၄၈** | **-၁.၁၄၈** | **၀.၅၀၀** | **၂.၁၀၉** | **-၁.၆၀၉** |
| | | ၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း | ၀.၃၀၀ | ၁.၄၄၈ | -၁.၁၄၈ | ၀.၅၀၀ | ၂.၁၀၉ | -၁.၆၀၉ |
| | ၃ | **အားကစား** | **၀.၀၃၅** | **၄၇.၃၈၉** | **-၄၇.၃၅၄** | **၁.၁၄၀** | **၄၇.၃၈၉** | **-၄၆.၂၄၉** |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | ၀.၀၃၅ | ၄၇.၃၈၉ | -၄၇.၃၅၄ | ၁.၁၄၀ | ၄၇.၃၈၉ | -၄၆.၂၄၉ |
| | ၄ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | **၁၃.၆၀၇** | **၁၉၈.၇၃၉** | **-၁၈၅.၁၃၂** | **၁၆.၉၃၅** | **၁၉၈.၆၆၇** | **-၁၈၁.၇၃၂** |
| | | ၁။ သစ်တောဦးစီးဌာန | ၁၃.၆၀၇ | ၁၉၈.၇၃၉ | -၁၈၅.၁၃၂ | ၁၆.၉၃၅ | ၁၉၈.၆၆၇ | -၁၈၁.၇၃၂ |
| | ၅ | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | | **၃၁၈.၂၄၀** | **-၃၁၈.၂၄၀** | | **၃၄၆.၂၄၀** | **-၃၄၆.၂၄၀** |
| | | ၁။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | ၃၁၈.၂၄၀ | -၃၁၈.၂၄၀ | | ၃၄၆.၂၄၀ | -၃၄၆.၂၄၀ |
| | ၆ | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | **၀.၁၄၃** | **၆၂.၄၁၁** | **-၆၂.၂၆၈** | **၀.၁၄၃** | **၅၃.၉၁၁** | **-၅၃.၇၆၈** |
| | | ၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၀.၁၄၃ | ၆၂.၄၁၁ | -၆၂.၂၆၈ | ၀.၁၄၃ | ၅၃.၉၁၁ | -၅၃.၇၆၈ |
| | ၇ | **ဆောက်လုပ်ရေး** | **၈၈၁၅.၈၇၉** | **၁၂၆၅၁.၇၅၅** | **-၃၈၃၅.၈၇၆** | **၂၇၄၈.၅၀၂** | **၆၈၁၅.၄၄၇** | **-၄၀၆၆.၉၄၅** |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၀.၁၈၉ | ၁၁.၉၁၅ | -၁၁.၇၂၆ | ၀.၆၁၁ | ၁၁.၉၁၅ | -၁၁.၃၀၄ |
| | | ၂။ အဆောက်အဦ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | ၀.၆၉၀ | ၄၀၉၀.၂၆၀ | -၄၀၈၉.၅၇၀ | ၀.၆၉၀ | ၄၀၉၀.၂၆၀ | -၄၀၈၉.၅၇၀ |
| | | ၃။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ၈၈၁၅.၀၀၀ | ၈၅၄၉.၅၈၀ | ၂၆၅.၄၂၀ | ၂၇၄၇.၂၀၁ | ၂၇၁၃.၂၇၂ | ၃၃.၉၂၉ |
| | ၈ | **သမဝါယမ** | **၁.၈၅၀** | **၁၄၃.၂၅၄** | **-၁၄၁.၄၀၄** | **၁.၈၆၅** | **၁၄၂.၉၇၂** | **-၁၄၁.၁၀၇** |
| | | ၁။ သမဝါယမဦးစီးဌာန | ၁.၂၇၀ | ၁၂၄.၆၅၅ | -၁၂၃.၃၈၅ | ၁.၂၈၀ | ၁၃၃.၈၃၃ | -၁၃၂.၅၅၃ |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၅၈၀ | ၁၈.၅၉၉ | -၁၈.၀၁၉ | ၀.၅၈၅ | ၉.၁၃၉ | -၈.၅၅၄ |
| | ၉ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | | **၆၇.၈၄၁** | **-၆၇.၈၄၁** | | **၈၁.၁၇၉** | **-၈၁.၁၇၉** |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၇.၈၄၁ | -၆၇.၈၄၁ | | ၈၁.၁၇၉ | -၈၁.၁၇၉ |
| | ၁၀ | **ဘဏ္ဍာရေးနှင့်အခွန်** | | **၄၄.၂၇၂** | **-၄၄.၂၇၂** | | **၄၀.၆၄၉** | **-၄၀.၆၄၉** |
| | | ၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၄.၂၇၂ | -၄၄.၂၇၂ | | ၄၀.၆၄၉ | -၄၀.၆၄၉ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၃၂၀.၂၀၅** | **၃၃၃.၃၅၁** | **-၁၃.၁၄၆** | **၃၁၇.၉၁၁** | **၃၅၉.၄၀၇** | **-၄၁.၄၉၆** |
| | | ပေါင်း | ၉၁၈၉.၁၁၁ | ၁၅၉၀၀.၃၉၆ | -၆၇၁၁.၂၈၅ | ၃၁၂၃.၉၈၈ | ၁၀၁၀၁.၇၂၆ | -၆၉၇၇.၇၃၈ |

၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်

**ချင်းပြည်နယ်၏ ရငွေ၊ သုံးငွေစာရင်း**

(သာမန်)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဌာန/ အဖွဲ့အစည်းအမည် | ၂၀၁၁-၂၀၁၂ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | မူလခန့်မှန်းခြေ | | | ပြုပြင်ပြီးခန့်မှန်းခြေ | | |
| | | | ရငွေ | သုံးငွေ | ပိုငွေ(+)/လိုငွေ(-) | ရငွေ | သုံးငွေ | ပိုငွေ(+)/လိုငွေ(-) |
| ၁ | | ၂ | ၃ | ၄ | ၅ (၃-၄) | ၆ | ၇ | ၈ (၆-၇) |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၂. ၀၂၉** | **၅၅၅. ၆၂၃** | **-၅၅၃. ၅၉၄** | **၁. ၉၂၅** | **၅၅၆. ၆၈၃** | **-၅၅၄. ၇၅၈** |
| | ၁ | တရားရုံးများ | ၀. ၈၈၇ | ၂၅၃. ၅၉၁ | -၂၅၂. ၇၀၄ | ၁. ၂၂၄ | ၂၅၄. ၆၅၁ | -၂၅၃. ၄၂၇ |
| | ၂ | ဥပဒေရုံးများ | ၀. ၁၂၀ | ၁၄၄. ၃၀၃ | -၁၄၄. ၁၈၃ | ၀. ၁၀၀ | ၁၄၄. ၃၀၃ | -၁၄၄. ၂၀၃ |
| | ၃ | စာရင်းရုံးများ | ၁. ၀၂၂ | ၁၅၇. ၇၂၉ | -၁၅၆. ၇၀၇ | ၀. ၆၀၁ | ၁၅၇. ၇၂၉ | -၁၅၇. ၁၂၈ |
| ၂ | | **ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ** | **၈၈၆၆. ၈၇၇** | **၁၄၇၆၉. ၁၇၈** | **-၅၉၀၂. ၃၀၁** | **၂၈၀၄. ၁၅၂** | **၈၉၈၄. ၀၄၇** | **-၆၁၇၉. ၈၉၅** |
| | ၁ | **ပြည်ထဲရေး** | **၃၅. ၀၆၃** | **၁၂၈၆. ၈၇၂** | **-၁၂၅၁. ၈၀၉** | **၃၅. ၀၆၇** | **၁၂၈၆. ၈၇၂** | **-၁၂၅၁. ၈၀၅** |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၃၅. ၀၄၀ | ၁၂၄၂. ၆၉၅ | -၁၂၀၇. ၆၅၅ | ၃၅. ၀၄၄ | ၁၂၄၂. ၆၉၅ | -၁၂၀၇. ၆၅၁ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀. ၀၂၃ | ၄၄. ၁၇၇ | -၄၄. ၁၅၄ | ၀. ၀၂၃ | ၄၄. ၁၇၇ | -၄၄. ၁၅၄ |
| | ၂ | **ပြန်ကြားရေး** | **၀. ၃၀၀** | **၁. ၄၄၈** | **-၁. ၁၄၈** | **၀. ၅၀၀** | **၂. ၁၀၉** | **-၁. ၆၀၉** |
| | | ၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း | ၀. ၃၀၀ | ၁. ၄၄၈ | -၁. ၁၄၈ | ၀. ၅၀၀ | ၂. ၁၀၉ | -၁. ၆၀၉ |
| | ၃ | **အားကစား** | **၀. ၀၃၅** | **၄၇. ၃၈၉** | **-၄၇. ၃၅၄** | **၁. ၁၄၀** | **၄၇. ၃၈၉** | **-၄၆. ၂၄၉** |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | ၀. ၀၃၅ | ၄၇. ၃၈၉ | -၄၇. ၃၅၄ | ၁. ၁၄၀ | ၄၇. ၃၈၉ | -၄၆. ၂၄၉ |
| | ၄ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | **၁၃. ၆၀၇** | **၁၉၄. ၄၃၆** | **-၁၈၀. ၈၂၉** | **၁၆. ၉၃၅** | **၁၉၄. ၄၃၆** | **-၁၇၇. ၅၀၁** |
| | | ၁။ သစ်တောဦးစီးဌာန | ၁၃. ၆၀၇ | ၁၉၄. ၄၃၆ | -၁၈၀. ၈၂၉ | ၁၆. ၉၃၅ | ၁၉၄. ၄၃၆ | -၁၇၇. ၅၀၁ |
| | ၅ | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | | **၃၁၈. ၂၄၀** | **-၃၁၈. ၂၄၀** | | **၃၄၆. ၂၄၀** | **-၃၄၆. ၂၄၀** |
| | | ၁။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | ၃၁၈. ၂၄၀ | -၃၁၈. ၂၄၀ | | ၃၄၆. ၂၄၀ | -၃၄၆. ၂၄၀ |
| | ၆ | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | **၀. ၁၄၃** | **၄၃. ၄၁၁** | **-၄၃. ၂၆၈** | **၀. ၁၄၃** | **၄၃. ၄၁၁** | **-၄၃. ၂၆၈** |
| | | ၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၀. ၁၄၃ | ၄၃. ၄၁၁ | -၄၃. ၂၆၈ | ၀. ၁၄၃ | ၄၃. ၄၁၁ | -၄၃. ၂၆၈ |
| | ၇ | **ဆောက်လုပ်ရေး** | **၈၈၁၅. ၈၇၉** | **၁၂၆၅၁. ၇၅၅** | **-၃၈၃၅. ၈၇၆** | **၂၇၄၈. ၅၀၂** | **၆၈၁၅. ၄၄၇** | **-၄၀၆၆. ၉၄၅** |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၀. ၁၈၉ | ၁၁. ၉၁၅ | -၁၁. ၇၂၆ | ၀. ၆၁၁ | ၁၁. ၉၁၅ | -၁၁. ၃၀၄ |
| | | ၂။ အဆောက်အဦ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | ၀. ၆၉၀ | ၄၀၉၀. ၂၆၀ | -၄၀၈၉. ၅၇၀ | ၀. ၆၉၀ | ၄၀၉၀. ၂၆၀ | -၄၀၈၉. ၅၇၀ |
| | | ၃။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ၈၈၁၅. ၀၀၀ | ၈၅၄၉. ၅၈၀ | ၂၆၅. ၄၂၀ | ၂၇၄၇. ၂၀၀ | ၂၇၁၃. ၂၇၂ | ၃၃. ၉၂၈ |
| | ၈ | **သမဝါယမ** | **၁. ၈၅၀** | **၁၃၂. ၈၅၄** | **-၁၃၁. ၀၀၄** | **၁. ၈၆၅** | **၁၄၂. ၀၃၂** | **-၁၄၀. ၁၆၇** |
| | | ၁။ သမဝါယမဦးစီးဌာန | ၁. ၂၇၀ | ၁၂၃. ၈၆၅ | -၁၂၂. ၅၉၅ | ၁. ၂၈၀ | ၁၃၃. ၀၄၃ | -၁၃၁. ၇၆၃ |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀. ၅၈၀ | ၈. ၉၈၉ | -၈. ၄၀၉ | ၀. ၅၈၅ | ၈. ၉၈၉ | -၈. ၄၀၄ |
| | ၉ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | | **၅၇. ၈၄၁** | **-၅၇. ၈၄၁** | | **၇၁. ၁၇၉** | **-၇၁. ၁၇၉** |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၇. ၈၄၁ | -၅၇. ၈၄၁ | | ၇၁. ၁၇၉ | -၇၁. ၁၇၉ |
| | ၁၀ | **ဘဏ္ဍာရေးနှင့်အခွန်** | | **၃၄. ၉၃၂** | **-၃၄. ၉၃၂** | | **၃၄. ၉၃၂** | **-၃၄. ၉၃၂** |
| | | ၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၃၄. ၉၃၂ | -၃၄. ၉၃၂ | | ၃၄. ၉၃၂ | -၃၄. ၉၃၂ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၃၂၀. ၂၀၅ | ၁၆၄. ၆၇၉ | -၁၅၅. ၅၂၆ | ၃၀၇. ၉၁၁ | ၁၈၆. ၀၅၉ | ၁၃၁. ၈၅၂ |
| | | ပေါင်း | ၉၁၈၉. ၁၁၁ | ၁၅၄၈၉. ၄၈၀ | -၆၃၀၀. ၃၆၉ | ၃၁၂၃. ၉၈၈ | ၉၇၂၆. ၇၈၉ | -၆၆၀၂. ၈၀၁ |

၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်

**ချင်းပြည်နယ်၏ ရငွေ၊ သုံးငွေစာရင်း**

(ငွေလုံးငွေရင်း)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ဌာန/ အဖွဲ့အစည်းအမည် | ၂၀၁၁-၂၀၁၂ မူလခန့်မှန်းခြေ ရငွေ | မူလခန့်မှန်းခြေ သုံးငွေ | မူလခန့်မှန်းခြေ ပိုငွေ(+)/လိုငွေ(-) | ပြုပြင်ပြီးခန့်မှန်းခြေ ရငွေ | ပြုပြင်ပြီးခန့်မှန်းခြေ သုံးငွေ | ပြုပြင်ပြီးခန့်မှန်းခြေ ပိုငွေ(+)/လိုငွေ(-) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ (၃-၄) | ၆ | ၇ | ၈ (၆-၇) |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | | **၅၅·၃၇၉** | **-၅၅·၃၇၉** | | **၅၅·၃၇၉** | **-၅၅·၃၇၉** |
| | ၁ | တရားရုံးများ | | ၅၅·၃၇၉ | -၅၅·၃၇၉ | | ၅၅·၃၇၉ | -၅၅·၃၇၉ |
| | ၂ | ဥပဒေရုံးများ | | | | | | |
| | ၃ | စာရင်းရုံးများ | | | | | | |
| ၂ | | **ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ** | | **၁၈၆.၈၆၅** | **-၁၈၆.၈၆၅** | | **၁၄၆.၂၁၀** | **-၁၄၆.၂၁၀** |
| | ၁ | **ပြည်ထဲရေး** | | **၁၃၃.၈၂၂** | **-၁၃၃.၈၂၂** | | **၁၁၄.၈၂၂** | **-၁၁၄.၈၂၂** |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၃၃.၈၂၂ | -၁၃၃.၈၂၂ | | ၁၁၄.၈၂၂ | -၁၁၄.၈၂၂ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | | | |
| | ၂ | **ပြန်ကြားရေး** | | | | | | |
| | | ၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | | | |
| | ၃ | **အားကစား** | | | | | | |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | | |
| | ၄ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | | **၄.၃၀၃** | **-၄.၃၀၃** | | **၄.၂၃၁** | **-၄.၂၃၁** |
| | | ၁။ သစ်တောဦးစီးဌာန | | ၄.၃၀၃ | -၄.၃၀၃ | | ၄.၂၃၁ | -၄.၂၃၁ |
| | ၅ | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | | | | | | |
| | | ၁။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | | | | | |
| | ၆ | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | | **၁၉.၀၀၀** | **-၁၉.၀၀၀** | | **၁၀.၅၀၀** | **-၁၀.၅၀၀** |
| | | ၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၉.၀၀၀ | -၁၉.၀၀၀ | | ၁၀.၅၀၀ | -၁၀.၅၀၀ |
| | ၇ | **ဆောက်လုပ်ရေး** | | | | | | |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | |
| | | ၂။ အဆောက်အဦ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | | | |
| | | ၃။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | | | |
| | ၈ | **သမဝါယမ** | | **၁၀.၄၀၀** | **-၁၀.၄၀၀** | | **၀.၉၄၀** | **-၀.၉၄၀** |
| | | ၁။ သမဝါယမဦးစီးဌာန | | ၀.၇၉၀ | -၀.၇၉၀ | | ၀.၇၉၀ | -၀.၇၉၀ |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၉.၆၁၀ | -၉.၆၁၀ | | ၀.၁၅၀ | -၀.၁၅၀ |
| | ၉ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | | **၁၀.၀၀၀** | **-၁၀.၀၀၀** | | **၁၀.၀၀၀** | **-၁၀.၀၀၀** |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၀.၀၀၀ | -၁၀.၀၀၀ | | ၁၀.၀၀၀ | -၁၀.၀၀၀ |
| | ၁၀ | **ဘဏ္ဍာရေးနှင့်အခွန်** | | **၉.၃၄၀** | **-၉.၃၄၀** | | **၅.၇၁၇** | **-၅.၇၁၇** |
| | | ၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၉.၃၄၀ | -၉.၃၄၀ | | ၅.၇၁၇ | -၅.၇၁၇ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | | **၁၆၈.၆၇၂** | **-၁၆၈.၆၇၂** | | **၁၇၃.၃၄၈** | **-၁၇၃.၃၄၈** |
| | | ပေါင်း | | ၄၁၀.၉၁၆ | -၄၁၀.၉၁၆ | | ၃၇၄.၉၃၇ | -၃၇၄.၉၃၇ |

**နောက်ဆက်တွဲ (ဂ)**

## ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (ကောက်နုတ်ချက်)

၁၃။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၄။ (က) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

နောက်ဆက်တွဲ (ဃ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ချင်းပြည်နယ်ဥပဒေချုပ်ရုံး**
**ဟားခါးမြို့**

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
( ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

**၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏**
**နောက်ထပ်ဘဏ္ဍာရန်ပုံငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း) ကို စိစစ်ပေးရေးကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာရန်ပုံငွေ ခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း) ကို လိုအပ်သလို စိစစ်၍ ဥပဒေဆိုင်ရာ သဘောထားမှတ်ချက်များ ပြုလုပ်ပြီး ပြန်လည်ပေးပို့ရန် ရည်ညွှန်းပါစာဖြင့် ချင်းပြည်နယ်ဥပဒေချုပ်ရုံးသို့ ပေးပို့သည့်ကိစ္စဖြစ်ပါသည်။

၂။ ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာရန်ပုံငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း) ကို စိစစ်ရာ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန်နှင့် ပြင်ဆင်ဖြည့်စွက်ချက်များပြုရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၃။ ဤဥပဒေ (မူကြမ်း) ကို ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်အခါ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ - ၁၃ (က) အရ မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရန်လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

ပုံ ××××
(ကပ္ပတီအယ်လ်)
ပြည်နယ်ဥပဒေချုပ်

# ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ) ဟုန်းငိုင်း
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

## ချင်းပြည်နယ်အဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁. ၀၆၀ | | | | | | |
| ၂ | ၁၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ပြညနယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄. ၂၂၇ | | | | | | |
| ၃ | ၁၆ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၀. ၃၄၁ | | | ၄. ၆၇၆ | | | |
| | | ပေါင်း | | ၂၅. ၆၂၈ | | | ၄. ၆၇၆ | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

အမှတ် ၃ ။ ။ လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (သန်လျင်နည်းပညာတက္ကသိုလ်) မှ လက်ထောက်ကထိက ဒေါ်ထားစုစုကျော်အား အမျိုးသားလွှတ်တော်ဌာန၊ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

အမှတ် ၂၈/၂၀၁၂။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| တင်ဦး | ကြည်း ၆၃၀၉၁ | (၂၁-၂-၂၀၁၂) |
| မောင်ချို | ကြည်း ၆၃၀၉၂ | (၂၂-၂-၂၀၁၂) |

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

အမှတ် ၃၀/၂၀၁၂။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | |
|---|---|
| တင်ဝင်း | ကြည်း ၆၃၀၉၃ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

အမှတ် ၅ ။ ။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ကညော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၃၁/ဝဲကဘောင်ကွင်း)၊ ဦးပိုင်အမှတ် (၆၇) မှ **မြေဧရိယာ (၁. ၉၀) ဧကရှိ** မြေအား **ဓမ္မဝေဘာဂီကျောင်းတိုက်** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ

**Tanintharyi Wood Industry Company Limited**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Tanintharyi Wood Industry Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ မေလ (၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ရွှေကိန္နရီ အိမ်ရာ၊ အမှတ် (၃၉/ဘီ) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကျော်ညွန့်
[B.A, D.S, C.P.A (R.A)]
ပါရမီစိန်ဂေဟာ (၄) လွှာ၊ Top Royal
ရုပ်ရှင်ရုံရုံးခန်း၊ ရန်ကုန်မြို့။

ဦးအောင်သိန်း
B.ECON, D.S, R.L. COM. LAW (UK) ECO
STAT. (USA)
၁၂/သဃက (နိုင်) ၁၁၅၉၁၄
အမှတ် (၆-က)၊ မြေညီထပ်၊ နတ်မောက်လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## GREEN FLOWER PRODUCTION CO., LTD ၏

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **GREEN FLOWER PRODUCTION CO., LTD** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၁-၄-၂၀၁၂) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်စပယ်အောင်
မန်နေးဂျင်းဒါရိုက်တာ
အစိမ်းရောင်ပန်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဦးမြိုင် [B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၁၃၅၆၁

## SINGING BIRD PLASTIC MANUFACTURING CO., LTD ၏

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **SINGING BIRD PLASTIC MANUFACTURING CO., LTD** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၁-၄-၂၀၁၂) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမောင်မောင်ဦး
မန်နေးဂျင်းဒါရိုက်တာ
တေးသီငှက် ပလတ်စတစ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဦးမြိုင် [B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၁၃၅၆၁

ပ၊ စ၊ လ - အမှတ် ၆၈၃/၁၁/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၃၂၂ + ၂၇/၁၃-၄-၂၀၁၂။